# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 21 September 2023 ၁၁၂၂၅


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်အားလုံး၌ စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် ဈေးအေးနေ

**စစ်ကိုင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်တို့အနက် ရွှေဘိုနှင့် ရေဦးခရိုင်တို့တွင် ရောမင်းစပါး လက်ကျန်မရှိသလောက် နည်းပါးနေကြောင်း၊ ခရိုင်အားလုံး၌ စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ (ဒုတိယပတ်) တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ရှိ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း။

ရေဦးခရိုင် ရေဦးမြို့နယ်တွင် ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၁၂၅၀၀၀၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိ အခမဲ့ စမ်းသပ်ကုသမှုပေး

သီပေါ စက်တင်ဘာ ၂၀

**ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း တည်ထောင်ဖွင့်လှစ်ထားရှိသော သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ (၅၂)ကြိမ်မြောက် မျက်စိ အခမဲ့ စမ်းသပ်ကုသပေးမှုအစီအစဉ်ကို ယနေ့ စတင်ဆောင်ရွက်လျက်ရှိသည်။**

ရပ်နီးရပ်ဝေးမှ လာရောက်ပြသကြသော မျက်စိဝေဒနာရှင်များအား နေရာထိုင်ခင်းများ စီစဉ်ချထားပေးပြီး တစ်နေ့လျှင် မျက်စိလူနာ ဦးရေ ၃၀၀ ကို စေတနာရှင် မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်စစ်ဆေး၍ လိုအပ်သလို ခွဲစိတ်ကုသပေးလျက်ရှိသည်။



မျက်မှန်လိုအပ်သူများကိုလည်း စမ်းသပ်စစ်ဆေးပြီး မျက်မှန်များ ပြုလုပ်ဆောင်ရွက်ပေးကြောင်းနှင့် လာရောက်ပြသကြသည့် မျက်စိဝေဒနာရှင်များအား သီပေါမြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ၊ ကြက်ခြေနီနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

၂၁၀


## လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းတို့ကို ဖြတ်ကျော် ဝင်ရောက်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခန်းပြည်နယ်ကို ဖြတ်ကျော်နိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

### ယနေ့ ဖတ်စရာ




**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပုလဲရတုမှသည် . . .အနာဂတ်ဆီသို့ . . .**

ဆောင်းပါး စာမျက်နှာ » ၆

**နေပြည်တော် ဥတ္တရသီရိမြို့နယ် အထက(၁၂)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ**

စာမျက်နှာ » ၈

**အတိတ်ကို သင်ခန်းစာယူ သတင်းမှားတို့ကို ပြန်လည်သုံးသပ်ရင်း အနာဂတ်ကို ဖော်ဆောင်ရမည်**

ဆောင်းပါး စာမျက်နှာ » ၁၁

# အသိပညာဖွေရှာမှ ဘဝရှင်သန်ဖွံ့ဖြိုး

မြန်မာစာသည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေယဉ်ကျေးမှုမရှိသောလူမျိုးသည် အသက်ဝိညာဉ်ကင်းမဲ့သော ခန္ဓာနှင့်တူသည်။ စာပေယဉ်ကျေးမှု ထွန်းကားသောလူမျိုးသည် ကမ္ဘာပေါ်တွင် တင့်တောင့်တင့်တယ်နေနိုင်သောလူမျိုးအဖြစ် ရပ်တည်နေနိုင်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများသည် စာပေအသိပညာဗဟုသုတများ ထွန်းကားနေစေရန် အစဉ်ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံသည် စာပေယဉ်ကျေးမှုနှင့်ပတ်သက်၍ နှစ်ပေါင်းထောင်ချီစောစီးစွာကပင် ထွန်းကားတည်တံ့ခဲ့သည့်နိုင်ငံဖြစ်သည်။ စာပေယဉ်ကျေးမှုထွန်းကားခဲ့၍ ပတ်ဝန်းကျင်တစ်ခွင်တွင် ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းပညာရေး ထွန်းကားခဲ့သဖြင့် ကျေးလက်တောရွာများပါမကျန် စာတတ်မြောက်ခဲ့သည်။ စာပေယဉ်ကျေးမှု မှေးမှိန်ခဲ့သော ထီးကျိုးစည်ပေါက်သည့်နှစ်တစ်ရာကျော်ကာလတွင် နိုင်ငံ့ဂုဏ်ဒြပ်ညှိုးနွမ်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ စာမတတ်၍ကျွန်ဖြစ်၊ ကျွန်ဖြစ်၍ နှံ့နစ်ခဲ့သည့်ဘဝတွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၇၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၈၉ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် ၈၉ ဒသမ ၁ ရာခိုင်နှုန်း စာတတ်မြောက်ခဲ့သည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ အသက် (၁၅) နှစ်အထက် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း အသက် (၁၅) နှစ်အထက် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့် ရှိနေသည်ဟု ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံပညာရေးသမိုင်းတွင် အရေး၊ အဖတ်၊ အတွက် "အ"သုံးလုံး အောင်မြင်မှုကို ကမ္ဘာတွင် စံပြပုံစံအဖြစ် အသိအမှတ်ထားရသည်။ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲကျင်းပနိုင်ခဲ့ရာ အဆိုပါလူထုလှုပ်ရှားမှုဆောင်ရွက်ချက်ကို ယူနက်စကိုက အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ၁၉၇၁ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် "မိုဟာမက်ရေဇာပါလာဗီဆု"ကို မြန်မာနိုင်ငံအား ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအတွက် ဘတ်ဂျက်မလို စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကို ကမ္ဘာသိဖြန့်ဝေနိုင်ခြင်း၊ နိုင်ငံတကာစာတတ်မြောက်ရေး သက်ကြီးဖတ်စာများ၊ စာစဉ်များဖြန့်ဝေနိုင်ခြင်းတို့အတွက် ယူနက်စကိုက "နိုမာဆု"ကို ထပ်မံချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး ၃၀၈ မြို့နယ်ရှိသည့်အနက် ၂၉၇ မြို့နယ်အထိ ဆောင်ရွက်နိုင်သည့် ရလဒ်ကောင်းများရရှိပြီး ပြည်သူအားလုံးနီးပါး စာတတ်မြောက်လာသည့် အောင်မြင်မှုကို ရရှိခဲ့သည်။ သို့သော် အသက် (၁၅)နှစ်အထက် စာမတတ်သူများနှင့် မူလတန်းပညာ ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သည့်ကလေးများရှိနေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၃)တွင် ကျေးလက်နေပြည်သူများအပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့် အတန်းပညာတတ်မြောက်မှု အားနည်းသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး "ဝ၊ ထ၊ က၊ လ၊ သ" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းအလိုက် အကျိုးကျေးဇူးများ ရရှိရုံသာမက ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုစသည်တို့ကို အထောက်အကူပြုသည်။ စာတတ်မြောက်ခြင်းမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ပညာတတ်လိုစိတ်များ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံတော်နှင့် ပြည်သူများ ဦးတည်လျှောက်လှမ်းနေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နေချိန်တွင် ယင်းစနစ်တွင် ပါဝင်ဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များနှင့် လိုက်နာကြရမည့်ပြည်သူများသည် စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်ထားရန်လိုပြီး ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာကို နားလည်ရန်လိုအပ်သည့်အတွက် စာတတ်မြောက်ရေး၊ ပညာသင်ကြားရေးသည် အရေးကြီးသည်။

သို့ဖြစ်ရာ အသိပညာရှာဖွေယူနိုင်သည့် အရည်အချင်းရှိမှ လူမှုစီးပွားဘဝရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်၍ တိုင်းရင်းသားပြည်သူများအားလုံး စာတတ်မြောက်ရေး၊ ပညာသင်ကြားရေး၊ ပညာတတ်မြောက်ရေးကို အမျိုးသားရေးလှုပ်ရှားမှု၊ အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လားရှိုးမြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ပြည်နယ်အဆင့် ထိုးနှံခြင်းဖွင့်ပွဲကျင်းပ

လားရှိုး စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ် မကျော်သေးသည့် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ပြည်နယ်အဆင့် ထိုးနှံခြင်းကို ယမန်နေ့က ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးက မြန်မာနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ကာကွယ်ဆေးစတင်ထိုးနှံမှုနှင့် လွှမ်းခြုံမှုအခြေအနေအကြောင်းကို ရှင်းလင်းသည်။



ယင်းနောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌက ကာကွယ်ဆေးထိုးနှံမည့် ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ကလေးမြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



ကလေး စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်ဝင်းဦးစီးသည့် ကလေးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အရာရှိ/ အခြားအဆင့် ခုနစ်ဦး၊ အမှတ် (၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကလေး)မှ တပ်ဖွဲ့ဝင်အရာရှိ/ အခြားအဆင့် ငါးဦး၊ စုစုပေါင်း ၁၂ ဦးတို့က ယနေ့နံနက် ၁၀ နာရီခွဲတွင် အောင်ဇေယျရပ်ကွက်ရှိအမှတ် (၁၀/၁၀၀) တပ်မတော်ဆေးရုံ (ကလေး)၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၀ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၃ | ၂၇,၉၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၂,၈၀၆ | ၈,၄၇၃,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁ | ၇,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၆၂ | ၂၇၅,၄၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၇ | ၁၆,၈၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၄ | ၉,၂၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၈ | ၃၉,၂၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၂၀ | ၃၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များအတွက် ဆန်၊ ဆီများ လှူဒါန်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ပူတာအို စက်တင်ဘာ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ နမ့်ထွမ်ချောင်းရေမှ ရေအားလျှပ်စစ် စက်ရုံ တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြု ကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်က ဟိုခိုကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော် ခုနစ်အိတ်၊ ဆီ လေးပုံး၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။




ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုပရဟိတအသင်း/အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၈)ရပ်ကို ရေးဆွဲချမှတ်ပြီး အဓိကနိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မိမိတို့ တစ်ဦးချင်းစီက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင်လည်း အားလုံးက ဝိုင်းဝန်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် လူမှုပရဟိတအသင်းများ အတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် တိုးတက်လာသည့် မြို့ပြများနှင့် တန်းတူညီမျှသည့် ဖွံ့ဖြိုးတိုးတက်သော တောင်ပေါ်ဒေသများ ဖြစ်စေရေး ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအပေါ် စနစ်တကျစီမံခန့်ခွဲသွားရေးနှင့် လိုအပ်သည်များအပေါ် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က အမှာစကားပြောကြား၍ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ၁၃ ခုတို့အတွက် ဆန်အိတ် ၁၃ အိတ်၊ ၁၀ ပိဿာဝင် ဆီ ခြောက်ပုံးနှင့် ငွေကျပ် ၁၃ သိန်းတို့ကို ပေးအပ်လှူဒါန်းကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပပြုလုပ်သည့် ပူတာအိုခရိုင်အတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် အာဂါပေအသင်းနှင့် ယူနီတီအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ အာဂါပေအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ပထမဆုရ ဘောလုံးအသင်းအတွက် တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့နံနက်ပိုင်းတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(နမ့်တာလဲ)ကို လည်းကောင်း၊ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်မနောဥယျာဉ်အတွင်း ရဝမ်အမျိုးသားပြတိုက်ကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် အဆိုပါ ဒုတ္တန်ရပ်ကွက်အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ပူတာအို)သို့ သွားရောက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား Biometric (ဇီဝဆိုင်ရာ) အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုပြီး **(ဝဲအောက်ပုံ)** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံအတွက် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည့်အတွက် အလေးထား လုပ်ဆောင်ကြရေးနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။



**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ဒေသခံများအတွက် အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ သင်ကြားနေမှုနှင့် ကျောင်းသားများအား ဘာသာရပ်အလိုက်ပညာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးထံ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ် ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်အတွင်းရှိ မတ်ပန်ကွင်း၌ အထွက်တိုး ဆင်းကေရီ-၃ မိုးစပါး စိုက်ကွင်းအတွင်း မြေသြဇာကြဲပက်ပွဲနှင့် သဘာဝမြေသြဇာ သရုပ်ပြပြုလုပ်အသုံးပြုနည်းများ တောင်သူအသိပညာပေး အခမ်းအနားသို့ တက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ သရုပ်ပြ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ ရွှေဖုံးမှ**

ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ နှမ်းစပါး(ရွှေဝါထွန်း) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ နှမ်းစပါး(ရွှေဝါထွန်း) ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်တွင် ဧည့်မထစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ဧည့်မထဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ငစိန်စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀၀၀၊ ငစိန်ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ နှမ်းစပါး(ဒေသမျိုး)စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၀၊ နှမ်းစပါး(ဒေသမျိုး) ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်တွင် မော်ဘီ-၂ စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀၊ မော်ဘီ-၂ ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀၊ ဆင်းကေရီ-၃ စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ နှမ်းစပါး(ဆင်း-၃) စပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ နှမ်းစပါး (ဆင်း-၃) ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**အရောင်းအဝယ်ဖြစ်နေ**

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ရောမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ မနောသုခစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ မနောသုခဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ နှမ်းစပါး ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စက်တင်ဘာလ(ဒုတိယပတ်)တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ရန်ကုန်၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ ရှမ်း(တောင်)နှင့် ရှမ်း(မြောက်)တို့သို့ စုစုပေါင်း အိတ်ရေ ၆၂၇၀၀ စီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ



**လွိုင်ကော် စက်တင်ဘာ ၂၀**

ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**အားပေးဆောင်ရွက်နေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံ၍ MSMEsလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်၍ MSMEs စီးပွားရေး လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့်လည်း ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများကို One Region One Product အဖြစ် ရွေးချယ်၍ အဆင့်မြှင့်တင် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတွဲဖက် အတွင်းရေးမှူးက ပြည်နယ်အတွင်း MSMEs စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ MSMEs စီးပွားရေး လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များ၊ ပူးပေါင်းချိတ်ဆက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပံ့ပိုးကူညီပေးနိုင်မည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ကဏ္ဍအလိုက် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းပြခန်းများဖြစ်သည့် သစ်အခြေခံထုတ်ကုန်ပစ္စည်းများ ပြခန်း၊ သမဝါယမ ထုတ်ကုန်ပစ္စည်းများပြခန်း၊ ရေထွက်ထုတ်ကုန်ပစ္စည်းများ ပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ထုတ်ကုန်ပစ္စည်းများပြခန်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ပြခန်း၊ မွေးမြူရေး ထုတ်ကုန်ပစ္စည်းများပြခန်း၊ စက်မှုလက်မှုထုတ်ကုန်ပစ္စည်းများ ပြခန်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန် ပစ္စည်းများ ပြခန်း၊ ရက်ကန်းလုပ်ငန်းထုတ်ကုန်ပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့နှင့်အတူ သတင်းရဲတပ်ဖွဲ့၊ အမှတ်(၁၁) တပ်ဖွဲ့ခွဲ(မွန်)မှ တပ်ဖွဲ့ဝင် ၁၅ ဦးက မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ အထက(၁)နှင့် မော်လမြိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

မြို့နယ် (ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးစီး၍ အရာရှိ ငါးဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၃၈ ဦး စုစုပေါင်း ၄၃ ဦးတို့သည် မန္တလေးသူနာပြုသင်တန်းကျောင်းအတွင်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

မောင်အေးချမ်း

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထွန်းအုံက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများသည် ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံး ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ ပိုမိုပြည့်ဝလာပြီး ပူးပေါင်းပါဝင်လိုစိတ်များ ပိုမိုထက်သန်လာစေရေး အတွက် အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Nationally Determined Contri – butions–NDCs) အစီရင်ခံစာပါ ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် ကတိကဝတ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင် သက်ဆိုင်ရာဌာနများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

အိုဇုန်းလွှာကို ပျက်စီးစေသောဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC R-22) အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အောက်ရှိ လေအေးပေးစက် တင်သွင်းမှုကို ရပ်ဆိုင်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်သော အမျိုးသားမြေပေါ်ရေ အရည်အသွေး စံချိန်စံညွှန်းရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် အပြီးသတ် မူကြမ်းကို ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် မှတ်တမ်းတင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ချမှတ် အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ပိုမိုထိရောက်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်း ကော်မတီဝင်များက လုပ်ငန်းကော်မတီ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက် တိုးတက်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်း ကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံကို လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာသံရုံး ယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ် အေ အယ်လ်-ကူဝါရီ ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစရှိသော ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အထူးသဖြင့် အာဆီယံ-အာရပ် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂမူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံပြီး မြန်မာ-အိန္ဒိယ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုလယ်ယာစခန်းခွဲများကို အဆင့်မြှင့်တင်၍ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း စီမံကိန်းနှင့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ အိန္ဒိယနိုင်ငံမှ အရည်အသွေးကောင်းမွန်သော ပဲမျိုးစုံနှင့် ကြက်သွန်နီမျိုးစေ့များ၊ ပိုးမွှားဒဏ်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိပြီး ဂွမ်းမွေးအရည်အသွေးကောင်းမွန်သည့် ဝါမျိုးသစ်များ ရရှိရေး၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သုတေသနပညာရှင်များပူးပေါင်း၍ ဝါမျိုးသစ်ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံ အာသံစိုက်ပျိုးရေးတက္ကသိုလ်၌ လက်ဖက်စိုက်ပျိုးနည်းပညာအထူးပြုစေလွှတ်နိုင်ရေး၊ နို့စားနွားမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများ အဆင့်မြှင့်တင်မှုနည်းပညာဖြန့်ဝေရေး၊ ပြည်တွင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးကလေးများသင်တန်းကျောင်း (ထောက်ကြန့်) ကြည့်ရှုစစ်ဆေး




နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဒေါက်တာ မြင့်သူမြိုင်တို့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုစောင့်ရှောက်ပေးမှုနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်



မြဝတီ စက်တင်ဘာ ၂၀

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်က တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ဆောင်းနေကြာစိုက်ပျိုးမည့် ကျေးရွာအုပ်စု ၅ အုပ်စုမှ ကျေးရွာခြောက်ရွာရှိ တောင်သူများအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ ခရိုင်စီမံအုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကျေးရွာအလိုက်တောင်သူများအား ဆောင်းနေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ပေးသည်။ မြဝတီမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း စာသုံးဆီဖူလုံမှုရှိရေးဧက ၅၅၀ အတွက် နေကြာစေ့ ကီလို ၉၀၀ ထောက်ပံ့ပေး စိုက်ပျိုးမည့် ကျေးရွာအုပ်စုများကို အပ်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပုလဲရတုမှသည် . . .အနာဂတ်ဆီသို့ . . .

**သက်ဦးမောင် (ယဉ်ကျေးမှု)**

**၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် နှစ် (၃၀) ပြည့်၍ ပုလဲရတုတိုင်ခဲ့ပြီဖြစ်သည်။**

ပုလဲရတုအထိမ်းအမှတ် အခါသမယတွင် တက္ကသိုလ်ကြီး၏ ပုလဲရတုအကြိုအနုပညာစွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ၊ ပုလဲရတုအထိမ်းအမှတ် ရုပ်မြင်သံကြားစကားဝိုင်းများ၊ ရုပ်မြင်သံကြားတေးသီချင်း ရိုက်ကူးထုတ်လွှင့်မှုများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပုလဲရတုအထိမ်းအမှတ် တက္ကသိုလ်ဓမ္မာရုံ၊ တက္ကသိုလ်မော်ကွန်းတိုက်၊ Art Gallery ဖွင့်ပွဲများ၊ ပုလဲရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေဖြန့်ချိခြင်းနှင့် ဆရာကန်တော့ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာအတွက် ပုလဲရတုမှသည်....... အနာဂတ်ဆီသို့ ..... ဟူသော ပုလဲရတုအထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ ရတုအဆက်ဆက်၊ ရှေ့သို့ချီတက်နိုင်ရန် သွားရန်လည်းအသင့် အားမာန်လည်းဝင့်လျက်ကြိုးပမ်း ဆောင်ရွက်နေကြပါသည်။ အနာဂတ်ဆီ... ရောက်ရမည့် ခရီးပန်းတိုင်သည် **စိတ္တံ ဒန္တံ သုခါ ဝဟံ** (ယဉ်ကျေးသောစိတ်သည် ချမ်းသာခြင်းကိုဆောင်၏) ဟူသော တက္ကသိုလ်ဆောင်ပုဒ်နှင့်အညီ စိတ်လည်းယဉ်ကျေး၊ လူလည်းချမ်းသာ၊ သားကောင်းရတနာများ ထွန်းပေါက်သည့် နိုင်ငံတော်အဖြစ် တည်ရာသို့ ဖြစ်ပါ၏။

**ပုလဲရတုရုပ်မြင်သံကြားစကားဝိုင်း**

လွန်ခဲ့သော နှစ်သုံးဆယ်ခေတ်ကာလက နိုင်ငံတော်တွင် တိုင်းကျိုးပြည်ဆောင် နိုင်ငံထူထောင်ရေးနှင့် တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးများ အထူးလိုအပ်နေချိန်တွင် ယဉ်ကျေးမှုတက္ကသိုလ်ဟူ၍ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

သို့ဖြစ်၍ တက္ကသိုလ်သမိုင်းအစဦးတည်ချက်များမှာလည်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးဖြစ်ခဲ့၏။ ဤဦးတည်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ကြ၏။ သုတေသနလုပ်ငန်းများနှင့်တကွ မြန်မာ့သုခုမအနုပညာရပ်များ ထွန်းကားပြန့်ပွားစေပြီး ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အနုပညာရှင်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ကြ၏။ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးအမှုထမ်း၊ အရာထမ်းများအားလုံးက တက္ကသိုလ်၏ ရည်မှန်းချက်များကို အနုပညာ ချစ်မြတ်နိုးသောစိတ်ဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော်ခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တွင် ပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သူများမှာ ဦးမောင်မောင်ခိုင် (၁၉၉၃ - ၁၉၉၈)၊ ဦးဇော်သန်း(၁၉၉၈-၁၉၉၉)၊ ဦးတင်စိုး (၁၉၉၉-၂၀၀၉)၊ ဒေါ်နန္ဒာမွန်း (၂၀၀၉-၂၀၁၀)၊ ဒေါ်စန္ဒာခင် (၂၀၁၀-၂၀၁၁)၊ ဦးကျော်ဦး (၂၀၁၁-၂၀၁၅)၊ ဦးအောင်နိုင်မြင့် (၂၀၁၅-၂၀၂၁)၊ ဒေါက်တာကေသီထွေး(၂၀၂၁-လက်ရှိ) တို့ဖြစ်ကြသည်။ လက်ရှိပါမောက္ခချုပ် ဦးဆောင်လျက် အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက ရုပ်မြင်သံကြားစကားဝိုင်းတွင် တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ အနုပညာ-ပညာရေးတို့နှင့်စပ်လျဉ်းကာ အတွေ့အကြုံ၊ အသိအမြင်များကို မျှဝေဆွေးနွေးပြောကြားပေးခဲ့ကြပါသည်။ ဆွေးနွေးချက်များထဲကမှ ဤတက္ကသိုလ်ကို စတင်ဖွင့်လှစ်စဉ်က **ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)**ဟု အမည်ပေးခဲ့ကြောင်း၊ ဖွင့်လှစ်ပြီး ၁၄ နှစ်အကြာ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

ယဉ်ကျေးမှုဟူသည် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုတို့ ရှိကြပြီး လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့ကြသောပစ္စည်းများ၊ ပြောဆိုကြသောဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အတွေးအခေါ်နှင့် စရိုက်လက္ခဏာများ၊ အနုသုခုမပညာ၊ လက်မှုပညာများ ပါဝင်ပြီး ယင်းတို့ကို ပေါင်းစုခေါ်ဝေါ်ခြင်းဖြစ်ရာ အလွန်ကျယ်ပြန့်ပါသည်။

ယဉ်ကျေးမှု တက္ကသိုလ်ဟူသည် ဤမျှများပြားသော ယဉ်ကျေးမှုရေးရာများထဲမှ ဘာတွေသင်သနည်း၊ ဘယ်လိုသင်သနည်းဟူသော အမေးများရှိလာခဲ့သည်။ နိုင်ငံတကာ Art University များကို လေ့လာကြည့်လျှင်လည်း သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုနှင့်ဆိုင်သော အနုသုခုမပညာရပ်များကို မဂျာခွဲလျက် သင်ကြားပေးနေကြသည်ဖြစ်ရာ မိမိတို့တက္ကသိုလ်ကိုလည်း ခေတ်စနစ်၊ အခြေအနေနှင့်လျော်ညီစွာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၄၀/၂၀၀၇) ၏ သဘောတူညီချက်အရ **အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)**ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းပညာသင်နှစ်တွင်ပင် မူလက ဂီတပညာဌာန၊ သဘင်ပညာဌာန၊ ပန်းချီပညာဌာန၊ ပန်းပုပညာဌာနဟု ဌာနလေးခုရှိခဲ့ရာမှ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနကို တိုးချဲ့ဖွဲ့စည်းသင်ကြားပေးခဲ့ပါသည်။

အနုပညာတက္ကသိုလ်ဟု ဆိုလိုက်သောကြောင့် အနုပညာ-ပညာရေးသည် အရေးကြီးကြောင်း စကားဝိုင်းဆွေးနွေးပွဲတွင် အဓိကဦးတည်ပြောခဲ့ကြသည်။ အနုပညာဘာသာရပ်တစ်ခုကို သင်ကြားရာတွင် ယင်းအနုပညာ၏ အတိတ်-ပစ္စုပ္ပန်-အနာဂတ်များ ပါဝင်လာရမြဲဖြစ်သည်။ ဥပမာအားဖြင့် ပန်းချီပညာရပ်သင်ကြားလျှင် ရှမ်းပြည်နယ်တောင်ပိုင်းရွှာင်မြို့ရှိ ပြဒါးလင်းဂူမှ ကျောက်ခေတ်နံရံဆေးပန်းချီများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ နံရံဆေးပန်းချီများအကြောင်းသည်လည်းကောင်း၊ ဂီတပညာရပ်ကို သင်ကြားသည့်အခါ၌လည်း အေဒီ ၈၀၂ ခုနှစ် ပျူခေတ်ကချေသည်အဖွဲ့ အတီးအမှုတ်တူရိယာများနှင့်တကွ တရုတ်ပြည် ဆီယန်သို့ သွားရောက်ဖျော်ဖြေတင်ဆက်မှုများကို လည်းကောင်း သင်ကြားရသည်ဖြစ်ရာ သမိုင်းနှင့် ယဉ်ကျေးမှုကို ထက်ကြပ်မကွာလေ့လာသင်ယူရသည့်သဘောများ တွေ့ရမည်ဖြစ်သည်။

ယင်း အနုပညာအရင်းအမြစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ သုတေသနပြုခြင်း၊ မျှဝေခြင်းတို့သည် အနုပညာ - ပညာရေးပင်ဖြစ်သည်။ မြန်မာ့ရေမြေတွင် ခေတ်သမိုင်းအဆက်ဆက် နှစ်ပေါင်းထောင်ချီ၍ အနုသုခုမပညာရပ်များ ဖြစ်တည်ရှင်သန်ခဲ့၏။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့မာန်ဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါရှိခဲ့၏။ မြန်မာ့သွေး၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဇာတိမာန်သတ္တိဖြင့် ရဲရဲရင့်ရင့်ရပ်တည်ခဲ့၏။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည် ဤမြန်မာ့သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းသော မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းရာ၊ ဖန်တီးရာ၊ မြှင့်တင်ရာ၊ မျှဝေရာ၊ ချစ်မြတ်နိုးရာ တက္ကသိုလ်ကျောင်းတော်ကြီးဖြစ်သည်။ တက္ကသိုလ်မုခ်ဦးမှ ကျောင်းအတွင်းသို့ ဝင်လိုက်သည်နှင့် လမ်း၏လက်ဝဲဘက်တွင် ဆေးရောင်စုံစာလုံးကြီးများဖြင့် ရုပ်ကြွပုံဖော်ထားသော **We Preserve, We Create, We Promote, We Share, We Love, NUAC ဟူသည့်** စာတန်းကို သင်ကြားရေး လမ်းညွှန်ချက်များသဖွယ် ကြည့်ရှုမြင်တွေ့နိုင်ကြမည်ဖြစ်သည်။

ပုလဲရတုစကားဝိုင်းအမှတ်(၂)အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ပညာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများ၊ စာတွေ့လက်တွေ့သင်ကြားရေး အတွေ့အကြုံများ၊ နိုင်ငံတကာအနုပညာတက္ကသိုလ်များသို့ သွားရောက်လေ့လာပညာသင်ယူခဲ့မှုများကို အများပြည်သူသိမြင်နားလည်အောင် ဆွေးနွေးပြောကြားခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ **ဂီတပညာဌာနမှ** ဂီတဗေဒ၊ ကမ္ဘာ့ဂီတသင်္ကေတ၊ မြန်မာဂီတအဆိုဘာသာရပ်၊ တိုင်းရင်းသားများ၏ ရိုးရာဂီတများ၊ တူရိယာပစ္စည်းများလက်တွေ့တီးခတ်ခြင်း၊ တူရိယာကိုးမျိုးဖြစ်သော စောင်း၊ ပတ္တလား၊ မောင်းဆိုင်း၊ ကြေးဝိုင်း၊ ဗုံ၊ နှဲ၊ တယော၊ စန္ဒရား၊ ဆိုင်းဝိုင်း (ပတ်ဝိုင်း) တူရိယာတီးခတ်ခြင်း စသည်တို့ကို သင်ကြားပေးသည်။ **သဘင်ပညာဌာနမှ** အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ၊ ဇာတ်စင်ညွှန်ကြားမှုနှင့် ဇာတ်ညွှန်းရေးပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ မြန်မာ့ရိုးရာရုပ်သေးပညာဘာသာရပ်များကို သင်ကြားပေးနေသည်။

**ပန်းချီပညာဌာနမှ** ပန်းချီအနုပညာသမိုင်း၊ ရသခံစားမှုပညာ၊ အခြေခံပုံဆွဲပညာ၊ **စာမျက်နှာ ၇ သို့ ✤**




**အနုပညာအရင်းအမြစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ သုတေသနပြုခြင်း၊ မျှဝေခြင်းတို့သည် အနုပညာ - ပညာရေးပင်ဖြစ်သည်။ မြန်မာ့ရေမြေတွင် ခေတ်သမိုင်းအဆက်ဆက် နှစ်ပေါင်းထောင်ချီ၍ အနုသုခုမပညာရပ်များ ဖြစ်တည်ရှင်သန်ခဲ့၏။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့မာန်ဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါရှိခဲ့၏။ မြန်မာ့သွေး၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဇာတိမာန်သတ္တိဖြင့် ရဲရဲရင့်ရင့်ရပ်တည်ခဲ့၏။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည် ဤမြန်မာ့သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းသော မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ထိန်းသိမ်းရာ၊ ဖန်တီးရာ၊ မြှင့်တင်ရာ၊ မျှဝေရာ၊ ချစ်မြတ်နိုးရာ တက္ကသိုလ်ကျောင်းတော်ကြီးဖြစ်**

✤ စာမျက်နှာ ၆ မှ

ပန်းချီနည်းပညာ၊ ဒီဇိုင်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ရသပန်းချီများကို သင်ကြားပေးနေသည်။ **ပန်းပုပညာဌာနမှ** ပန်းပုပညာသမိုင်း၊ ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲပညာ၊ ပုံဖော်နည်းပညာ၊ ခေတ်ပြိုင်ပန်းပုဘာသာရပ်များကို သင်ကြားပေးနေသည်။ **ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ** ဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှု (ဒါရိုက်တာ) ပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ၊ ပြဇာတ်ပညာ၊ ရုပ်ရှင်သမိုင်းနှင့် ရသပညာဘာသာရပ်များကို သင်ကြားပေးနေသည်။ **စာပေပညာဌာနမှ** မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာ့ယဉ်ကျေးမှုသမိုင်းတို့ကို သင်ကြားပေးလျက်ရှိသည်။ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်မှ စတင်ကာ အထက်ပါ အနုပညာဘာသာရပ်အလိုက် ပါရဂူတန်းများကို စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်းမှာပင် **ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ**ကို ထပ်မံတိုးချဲ့ဖွဲ့စည်းကာ သင်ကြားပေးတော့မည်ဖြစ်ပါသည်။

သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပညာသင်နှစ်ကာလ လေးနှစ်ပြီးဆုံးလျှင် ဝိဇ္ဇာဘွဲ့ချီးမြှင့်အပ်နှင်းပြီး အရည်အချင်းပြည့်မီသူများကို နောက်ထပ်ပညာသင်နှစ် နှစ်နှစ်တက်ရောက်စေကာ မဟာဝိဇ္ဇာဘွဲ့များ ချီးမြှင့်အပ်နှင်းပါသည်။ ဆက်လက်၍ ပါရဂူဘွဲ့များလည်း ချီးမြှင့်အပ်နှင်းနိုင်တော့မည် ဖြစ်သည်။ ယင်းအပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ဘွဲ့လွန်ပြတိုက်ဒီပလိုမာ၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာ၊ ဘွဲ့လွန်ပြက္ခဒိန်ပညာဒီပလိုမာ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြိုအသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြိုအနုပညာ ဒီပလိုမာသင်တန်းများကိုလည်း သင်ကြားလေ့ကျင့်ပေးပြီး ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

**ပုလဲရတုသုတေသနစာတမ်းဖတ်ပွဲ**

တက္ကသိုလ်၏အသက်သည် သုတေသနဖြစ်ပြီး သုတေသနဖက်မှ တက္ကသိုလ်အသက်ရှည်သည်ဟု ပညာရှင်များက မိန့်ဆိုခဲ့ကြသည်။ ပညာရပ်နယ်ပယ်အသီးသီးမှ ဘာသာရပ်တစ်ခုချင်းစီကို



ခြေခြေမြစ်မြစ်သိရှိစေရန် စူးစမ်းလေ့လာခြင်း၊ အကြားအမြင်ဗဟုသုတ ပိုမိုရှာမှီးဆည်းပူးခြင်း၊ အသိသစ်၊ အမြင်သစ်များ ရှာဖွေလေ့လာတင်ပြခြင်းတို့မှာ သုတေသနလုပ်ငန်းအခြေခံများပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် မဟာဝိဇ္ဇာဘွဲ့ယူသုတေသနကျမ်းနှင့် ဝိဇ္ဇာဘွဲ့သုတေသနစာတမ်းများကို ကျောင်းသားများက နှစ်စဉ်တင်သွင်းကြရသည်။ ဆရာ ဆရာမများကလည်း သုတေသနစာတမ်းများ နှစ်စဉ်ဖတ်ကြားတင်သွင်းကြရသည်။

ယခုပုလဲရတုသဘင် အခမ်းအနားတွင်လည်း တက္ကသိုလ်အတွက် အရေးပါအရာရောက်သော သုတေသနလုပ်ငန်းကို အားပေးမြှင့်တင်ရန်၊ ပညာရပ်နယ်ပယ် ဘာသာရပ်အသီးသီးမှ သင်ကြားလေ့ကျင့်ရေး အတွေ့အကြုံများကိုမျှဝေရန်၊သင်ကြားရေးအထောက်အကူပြု အသုံးချသုတေသနစာတမ်းကောင်းများ ပေါ်ထွက်လာစေရန် ပုလဲရတု သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြင်ပပညာရှင်နှင့် ဆရာ ဆရာမ ၁၄ ဦးတို့က သုတေသနစာတမ်း ၁၄ စောင် ဖတ်ကြားခဲ့သည်။ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ထိန်းသိမ်းရေးနှင့် ဆန်းသစ်တီထွင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ကရင်၊ မွန်၊ ရခိုင် တိုင်းရင်းသားတို့၏ ရိုးရာအနုပညာဂီတ၊ အကများအကြောင်းပါ ဖတ်ကြားတင်ပြခဲ့သဖြင့် တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်သည့် စာတမ်းဖတ်ပွဲဖြစ်ပါသည်။

**လှပပြည့်စုံ တက္ကသိုလ်ပရိဝုဏ်**

တက္ကသိုလ်နှစ် (၃၀) ခရီးတွင် ကျောင်း၏ဥပမိရုပ်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုသစ်လွင်တောက်ပလာသည်။ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်အဝင်၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆) ရပ်ကွက်ရှိ မြေဧရိယာ ၅၂ ဒသမ ၀၇၂ ဧကပေါ်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်များ၊ အရွက်ဖားဖား ပင်စည်မြင့်မြင့်မားမားဖြင့် ကျွန်းစိုက်ခင်း၊ သရက်စိုက်ခင်းများ၊ လမ်းအချိုးအကွေ့များ၌ လှပသောပန်းပုရုပ်တုများ၊ ခံ့ညားသော ရုပ်ရှင်စတူဒီယိုကြီးနှင့် ကုမုဒြာဇာတ်ရုံ၊ ကုမုဒြာဆောင်၊ ကံ့ကော်ဆောင်၊ သဇင်ဆောင်စသည့် သုံးထပ်စာသင် ကျောင်းဆောင်ကြီးများ၊ စွယ်တော်ဆောင်၊ သရဖီဆောင်တို့မှ စီမံခန့်ခွဲရေးရုံးများ၊ စာကြည့်တိုက်၊ အနုပညာခန်းမများ၊ ကျောင်းသားကျောင်းသူများအဆောင်၊ ဝန်ထမ်းအိမ်ရာဆောင်များ၊ အားကစား (ဘောလုံးကွင်း) တို့ဖြင့် တက္ကသိုလ်၏ဂုဏ်အင်္ဂါနှင့်အညီ စိမ်းစိမ်းစိုစို ခံ့ခံ့ညားညားတည်လျက်ရှိ၏။ ယခု ပုလဲရတုသဘင်အခါသမယတွင် တက္ကသိုလ်မော်ကွန်းသစ်ကြီးကို ထပ်မံတိုးချဲ့တည်ဆောက် ဖွင့်လှစ်လိုက်ပြန်ရာ တက္ကသိုလ်၏ အလှူအတန်း အခမ်းအနားများ၊ ဓမ္မသဘင်ဆင်ယင်မှုများတွင် ပိုမို၍ထူးခြတ်စွာ ကုသိုလ်ဒါနပြုနိုင်ကြတော့မည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ နှစ်သုံးဆယ်ခရီးတွင် တက္ကသိုလ်၏ ကျွမ်းကျင်ပညာရှင်များအဖြစ်လည်းကောင်း၊ ဧည့်ပါမောက္ခများအဖြစ်လည်းကောင်း၊ တက္ကသိုလ်ပညာရေးကောင်စီ အဖွဲ့ဝင်များအဖြစ်လည်းကောင်း တက်တက်ကြွကြွ လက်တွဲပါဝင် ဆောင်ရွက်ခဲ့ကြသည့် ပြင်ပအနုပညာရှင်၊ အတတ်ပညာရှင်ကြီးများကို အမိတက္ကသိုလ်က မမေ့မလျော့ဦးထိပ်ထားလျက် **မြတ်ဆရာပူဇော်ကန်တော့ပွဲ**ကိုလည်း ကျင်းပခဲ့ပါသည်။ ကတညုတာ-ကတဝေဒီ မင်္ဂလာတရားတော်နှင့်အညီ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်းများဖြင့် ဂါရဝ၊ နိဝါတပြုခဲ့ကြပါသည်။

ထို့ပြင် စွယ်တော်ဆောင်တွင် တက္ကသိုလ်မော်ကွန်းတိုက် ဖွင့်ပွဲကိုပါ ကျင်းပနိုင်ခဲ့သည်ဖြစ်ရာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးတို့နှင့် စပ်လျဉ်းသည့် တက္ကသိုလ်က လက်ခံရရှိထားသော စာရွက်စာတမ်းများ၊ လက်ရေးမူများ၊ အမိန့်ကြေညာချက်များ၊ Print Mediaနှင့် Electronic Mediaတို့မှ အရုပ်၊ အသံမှတ်တမ်းများကို နေရာတကျ၊ စနစ်တကျ၊ နှစ်ကာလကြာရှည်စွာ ထိန်းသိမ်းမှတ်တမ်းတင်ထားနိုင်မည်ဖြစ်သည်။ Art Gallery အနုပညာပြခန်း ဖွင့်လှစ်ပေးခဲ့သဖြင့် အမိတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် ပညာရှင်များ၏ ပန်းချီ၊ ပန်းပုလက်ရာအဟောင်း၊ အသစ်များကို တစုတဝေးတည်း လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

**ကျောင်းဆင်းဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ဂုဏ်ထူးဝိသေသတစ်ခုမှာ ဘွဲ့နှင်းသဘင်မကျင်းပမီ ပန်းချီ၊ ပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင်တင်ဆက်ပွဲကို ဘွဲ့ယူမည့် ကျောင်းသားကျောင်းသူများက စွမ်းရည်ပြတင်ဆက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတော်အဆင့် အမျိုးသားဇာတ်ရုံကြီးတွင် ပြင်ပအနုပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘဆွေမျိုးများ၊ အနုပညာချစ်မြတ်နိုးသူများ တက်ရောက်လာကြသည်ဖြစ်ရာ မိမိတို့ကျောင်းတော်ကြီး၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် တတ်မြောက်မှုစွမ်းရည်ကို အများပြည်သူ အကဲဖြတ်နိုင်ရန် ပြသသည့်ပွဲကြီးဖြစ်သည်။ ကျောင်းဆင်းတော့မည့် အနုပညာရှင်မျိုးဆက်များ၏ ယုံကြည်ရဲရင့်ပွဲလယ်တင့်မှုကို ရင်သပ်ရှုမောမျက်ဝါးထင်ထင် ကြည့်မြင်ခံစားရမည့် ပွဲကြီးလည်းဖြစ်ပါသည်။ ပုလဲရတုကာလအတွင်း၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ကျောင်းဆင်းစွမ်းရည်ပြတင်ဆက်ပွဲ (၂၆) ကြိမ်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

**ဘွဲ့အပ်နှင်းခြင်း**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ နှစ် (၃၀) ပြည့် ပုလဲရတုကာလအတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ ဘွဲ့နှင်းသဘင် (၂၃) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၅၂၁ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၈၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၅၂ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၃၂၇ ဦး၊ အနုပညာ ကွန်ပျူတာဒီပလိုမာဘွဲ့ ၂၇၁၄ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၅၉ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၅ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၁၁ ဦးတို့ကို ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့သည်။

ထို့ပြင် တက္ကသိုလ်ဆရာ ဆရာမများ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက်ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ နိုင်ငံတကာတက္ကသိုလ်များသို့ ပညာသင်စေလွှတ်ခဲ့ရာ အနုပညာဆိုင်ရာ ပါရဂူဘွဲ့ နှစ်ဦး၊ အနုပညာဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ ၁၄ ဦး ရရှိခဲ့ကြပြီးဖြစ်သည်။

ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ အမျိုးသားအနုပညာတက္ကသိုလ်များနှင့် သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးကာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရင်း အမိတက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**အနုပညာတက္ကသိုလ်သို့ တက်ရောက်သင်ကြားလိုပါလျှင်**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ၊ အနုပညာဝါသနာပါသူများ တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် ပထမနှစ်ဝင်ခွင့်လျှောက်လွှာများကို နိုင်ငံပိုင်သတင်းစာများမှ နှစ်စဉ် ဇူလိုင်လဆန်းတွင် ကြေညာပေးပါသည်။ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်၊ ရွေးချယ်သင်ကြားနိုင်မည့် ဘာသာရပ်များ၊ အရည်အချင်းစစ် လူတွေ့စစ်ဆေးမှု၊ ဆက်သွယ်ရမည့် တက္ကသိုလ်တည်ရာလိပ်စာနှင့် အချက်အလက်များကို ကြေညာချက်တွင် အပြည့်အစုံဖော်ပြထားပြီးဖြစ်သည်။ အောက်တိုဘာလကုန်တွင် လူတွေ့စစ်ဆေးရွေးချယ်ပြီးနောက် တက္ကသိုလ်ပညာသင်နှစ် တစ်နှစ်၏အစ နိုဝင်ဘာလပထမပတ်တွင် စတင်တက်ရောက်သင်ကြားနိုင်ပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့် အမိတက္ကသိုလ်ဖြတ်သန်းလာရသော ခရီးရှည်သည် ပန်းမွေ့ရာ ရွှေကော်ဇောခင်းထားသည့် သဖွယ် ချောမွေ့လှသည်ဟု မဆိုသာချေ။ လမ်းသစ်ဖောက်၍ လမ်းကောင်းကို လျှောက်ကြရာဝယ် အခက်အခဲများကြုံရတတ်သည်ချည်း ဖြစ်သည်။ လောကဓံလှိုင်းဂယက်တို့ကိုလည်း ကြုံရမြဲဖြစ်သည်။

နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှု၊ ပြင်ပအနုပညာရှင်ကြီးများ၏ လက်တွဲပါဝင်ဆောင်ရွက်မှု၊ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ဆရာဆရာမများ၊ အမှုထမ်း၊ အရာထမ်းများ၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်မြင်မှုများရရှိလာခဲ့ခြင်းဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ထွန်းကားပြန့်ပွားရေးဟူသော လမ်းကြောင်းမှန်ပေါ်တွင် မျိုးဆက်သစ်အနုပညာရှင်များကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးရင်း တိုင်းကျိုးပြည်ဆောင် နိုင်ငံတည်ဆောက်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နေကြမည်ဖြစ်ပါသည်။ အနာဂတ်တွင် ယဉ်ကျေးသောစိတ်ဖြင့် ချမ်းသာခြင်းကို ဆောင်ကြပေအံ့ဟု........။ ။

**“အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ဂုဏ်ထူးဝိသေသတစ်ခုမှာ ဘွဲ့နှင်းသဘင်မကျင်းပမီ ပန်းချီ၊ ပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင်တင်ဆက်ပွဲကို ဘွဲ့ယူမည့် ကျောင်းသား ကျောင်းသူများက စွမ်းရည်ပြတင်ဆက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတော်အဆင့် အမျိုးသားဇာတ်ရုံကြီးတွင် ပြင်ပအနုပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘဆွေမျိုးများ၊ အနုပညာချစ်မြတ်နိုးသူများ တက်ရောက်လာကြသည်ဖြစ်ရာ မိမိတို့ ကျောင်းတော်ကြီး၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် တတ်မြောက်မှု စွမ်းရည်ကို အများပြည်သူအကဲဖြတ်နိုင်ရန် ပြသသည့်ပွဲကြီးဖြစ်”**

# ရှင်မဟာရဋ္ဌသာရ၏ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူး၍ ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်ရှင်မဟာရဋ္ဌသာရ၏မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ အနာဂတ် မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာစာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်လာစေရန်၊ မြန်မာစာပေသမိုင်းကြောင်းတွင် အင်းဝခေတ် စာပေပညာရှင်များကို ဖော်ထုတ်ဂုဏ်ပြုရာ၌ ဂုဏ်ကျေးဇူးကြီးမားလှသော ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ဂုဏ်ကျေးဇူးကို သိရှိနိုင်စေရန်အတွက် ဖြစ်ပါကြောင်း၊ ဆရာတော်ရှင်မဟာရဋ္ဌသာရ ပြုစုရေးသားခဲ့သည့် ရတု၊ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ မေတ္တာစာနှင့် တောလားများမှာ နှစ်ပေါင်း ၅၅၅ နှစ်ကျော်ကြာမြင့်ခဲ့သော်လည်း ယနေ့ခေတ်တိုင်အောင်များစွာ အကျိုးပြုနေသည့် စာပေဖြစ်ရုံသာမက နှောင်းပညာရှင်များ အတုယူလေ့လာနေရဆဲဖြစ်သည်အထိ ဆန်းသစ်နေဆဲ၊ နုပျိုနေဆဲပင်ဖြစ်ပါကြောင်း။

ရှင်မဟာရဋ္ဌသာရ မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုလာမည့် စက်တင်ဘာ ၂၃ ရက်၌ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC(II)တွင် ခမ်းနားစွာ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကျင်းပရာတွင် ဖျော်ဖြေရေးအစီအစဉ်၊ စာတမ်းဖတ်ပွဲအစီအစဉ်နှင့် အထိမ်းအမှတ်ပြခန်း ခင်းကျင်းပြသမှုအစီအစဉ်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် တက်ရောက်လာကြသည့်သူများအားလုံးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အခမ်းအနားကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေး တက်ရောက်လာသောဆပ်ကော်မတီအလိုက်တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ဥတ္တရသီရိမြို့နယ် အထက(၁၂)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ရွှေမိုး၊ ငွေမိုးသီချင်း၊ ရွှေညာသူ ရွှေညာသားသီချင်းများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ငယ်ရွယ်စဉ် ပညာသင်ယူချိန်ကာလကတည်းက အခြေခံကောင်းများရှိမှသာ မိမိဘဝ၊ မိသားစုနှင့် ပတ်ဝန်းကျင်အပါအဝင် နိုင်ငံတော်အတွက် ကောင်းကျိုးပြုနိုင်ကြမည် ဖြစ်ကြောင်း၊ အတတ်ပညာ အသိပညာပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သော၊ စိတ်ဓာတ်ကောင်းမွန်သော လူငယ်များဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ မိဘများနှင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုအောက်တွင် သားသမီးဝတ်၊ တပည့်ဝတ်များနှင့်အညီ ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်စကားနှင့် ကျောင်းများ၏ ဆောင်ပုဒ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့်အတိုင်း စိတ်ဓာတ်နှင့် စည်းကမ်းကောင်းပြီး နိုင်ငံတော်က အားထားရမည့် သားကောင်းရတနာများ၊ ဗလငါးတန်ပြည့်ဝပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန်နှင့် မိဘ၊ ဆရာ ဆရာမများကလည်း ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက လက်ခံရယူသည်။ ဆက်လက်၍ တေးသီချင်းများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည့် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် ခန်းမအပြင်ဘက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူ လူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံ ပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)က ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပေးခြင်း စသည့်ပျော်ရွှင်ဖွယ် ဂိမ်းများကစား၍ အနိုင်ရရှိသူများအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့် (ရောဝတီ) မိသားစုက လှူဒါန်းသော စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး




**ကဝ စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော ဒေါ်ခင်နွဲ့၏ အသားတိုးဝက်မွေးမြူရေးခြံအား ယနေ့မွန်းတည့် ၁၂ နာရီတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမွေးမြူရေးခြံသို့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် တာဝန်ရှိသူများ၊ မြို့နယ် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၁၇ ရက်တွင် ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ထွန်းအောင်က ကြပ်မတ်ကွပ်ကဲ၍ ရထားရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၂) ရထားရဲတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၈၉ ဦး၊ မိသားစုဝင် ၄၀ စုစုပေါင်း ၁၂၉ ဦးတို့က နေပြည်တော်ဘူတာကြီးယာဒ်ဝန်းရှိ အောင်စကြာရတနာမုနိစေတီတော်မြတ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာအမျိုးသားလေကြောင်း(MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၀

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း(Myanmar National Airlines-MNA)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel Yangon ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ LED Animation ဖြင့် ဂုဏ်ပြုညစာစားပွဲအား ဖွင့်လှစ်ပြီး မြန်မာအမျိုးသားလေကြောင်း Chief Executive Officer က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသားလေကြောင်း Chief Operating Officer က Airline Operation နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာအမျိုးသားလေကြောင်း Chief Commercial Officer က Agent Award ရွေးချယ်မှုနှင့် စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ မြန်မာအမျိုးသားလေကြောင်း (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရကိတ်မုန့်ခွဲကြစဉ်။

ယင်းနောက် မြန်မာအမျိုးသားလေကြောင်း (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရ ဂုဏ်ပြုဗီဒီယိုကို LED Screen ဖြင့်ပြသပြီး ၂၀၂၃ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တရဆုများ ချီးမြှင့်ခြင်းနှင့် ၂၀၂၃ ခုနှစ်အတွက် ဌာနအလိုက် ဝန်ထမ်းထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက မြန်မာအမျိုးသားလေကြောင်း (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုမွန်စကားများပြောကြားကြသည်။ ထို့နောက် မြန်မာအမျိုးသားလေကြောင်း (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံပိုင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်ကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများနှင့် အခြားပုဂ္ဂလိကလေကြောင်းလိုင်းများ မပြေးဆွဲသည့်နေရာများသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် အစောပိုင်းမှစ၍ စင်ကာပူ၊ ဗန်ကောက်၊ ချင်းမိုင်၊ ဖူးခက်၊ တရုတ် (ဟောင်ကောင်)၊ ချန်ဒူး၊ ဂါယာမြို့တို့နှင့်ချိတ်ဆက်ပြီး နိုင်ငံတကာ ခရီးစဉ်များကိုလည်းကောင်း ပျံသန်းပြေးဆွဲ လျက်ရှိရာ ယခုနှစ် စက်တင်ဘာ ၁၆ ရက်က စိန်ရတုပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ဒေသတွင်း နိုင်ငံများသို့ လေကြောင်းကုန်စည်ပို့ဆောင်ရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့စတင်ပျံသန်းပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ထိခိုက်လွယ်အုပ်စုများသို့ ထောက်ပံ့ကြေးများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်အတွင်းရှိအသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ထိခိုက်လွယ်အုပ်စုများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နေပြည်တော်အတွင်းရှိ လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၄၉၂၂ ဦးကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တည်ထောင်ခွင့်ပြုမိန့် ရရှိပြီးသော ဂေဟာရိပ်သာ ၁၆ ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၅၄ ကျောင်းနှင့် ထိခိုက်လွယ်အုပ်စုဝင်လူဦးရေ ၁၀၅ ဦးအတွက် ထောက်ပံ့ကြေးများပေးအပ်မည်ဖြစ်ပြီး နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ကြေးငွေကျပ် ၄၂၀ ဒသမ ၉၅ သန်းကိုနေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂေဟာနှင့်ရိပ်သာတာဝန်ခံများထံ ထောက်ပံ့ကြေးများ ပေးအပ်ပြီး ဂေဟာနှင့်ရိပ်သာများကိုယ်စား စမတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ဂေဟာမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး ယာယီတာဝန်ခံ Dr. Rashid Abdulla AL-Kuwari ဦးဆောင်သောအဖွဲ့အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသများအတွက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက စာနာမှုအကူအညီများပေးအပ်ခဲ့မှု၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့သော ဆေးရုံ၊ ကျောင်း အဆောက်အအုံများနှင့် ဆက်သွယ်ရေးကွန်ရက်များကို ရခိုင်နှုန်းပြည့်နီးပါး ပြုပြင်ပြီးစီးမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေသော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အခြေခံလိုအပ်ချက်များကို မြန်မာနိုင်ငံဘက်က ကြိုတင်ပြင်ဆင်ထားရှိမှု၊ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ နားလည်မှုစာချွန်လွှာ၏ ပထမအဆင့်အနေဖြင့် နေအိမ်အလုံး ၂၅၀ ဆောက်လုပ်ပြီးစီးမှုနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ ရခိုင်ပြည်နယ်သို့ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့မှု၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



ကန်ကြီးထောင့် စက်တင်ဘာ ၂၀

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် သဘော့ငူကျေးရွာ အုပ်စု ရိုးကြီးကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ( ၄.၅”ø x ၃၅၀’) တွင်းနက်၊ (၁၂’x၆’x၅’) အုတ်ရေလှောင်ကန် (၁၀’x၈’x၈’)ရေစက်ရုံ၊ (၃၀’x၃၀’x၅’)ခြံစည်းရိုးကာရံခြင်း၊ (၁”øx၂၂၀’) (၂”øx ၁၈၀’) ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဦးစိုးသန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်(ညွှန်ကြားရေးမှူး)တို့ ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးနိုင် (ဒုတိယညွှန်ကြားရေးမှူး)နှင့် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်ဖူးသစ်မြတ်ချယ်(ဦးစီးအရာရှိ၊ နည်းပညာ)တို့က လုပ်ငန်းဆောင်ရွက်ချက်များ လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

၂၂၂

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ခင်သာ-အိုင်တိုကျေးရွာချင်းဆက်လမ်းနှင့် ခင်သာကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သီးပင်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ် ၄၆ သိန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ အိမ်သွယ်ရေတိုင်စနစ် ရေပေးရေးစနစ်နှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် ငှက်တောင်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်ဆည်မြို့မှ ငှက်တောင်ကျေးရွာအဝင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် ငါးလုံကုန်းကျေးရွာသို့ သွားရောက်ကာ ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သမဝါယမအသင်း ၁၀ သင်းက အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် အသင်းအမှုဆောင်များက အသင်းသားတောင်သူ ၂၂၀ ၏ စိုက်ပျိုးဧက ၁၀၀၀ ပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ စိုက်နည်းစနစ်၊ စိုက်ပျိုးရေရရှိရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်လျှင် သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကျေးရွာ ၁၀ ရွာမှ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးစပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးနို့ချက်စက်ရုံသို့ရောက်ရှိပြီး နို့ချက်စက်ရုံ စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့် ကုန်ကြမ်းများရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ နို့ဆီအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ဈေးကွက်ရရှိရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားကာ စက်ရုံအတွင်း နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ နို့ဒိန်ချဉ်၊ နွားနို့ ထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကျောင်းသား ကျောင်းသူများ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၈)နှစ်မြောက် အထိမ်းအမှတ်နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၈)နှစ်မြောက်နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E.Mr.Harishchandra Ghimire က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာနိုင်ငံဆိုင်ရာနီပေါသံအမတ်ကြီးနှင့် တက်ရောက်လာကြသော ညှော်သည်တော်များက နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၈)နှစ်မြောက်နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံကာ နီပေါနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# Junior Golf Myanmar (JGM)၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် Junior Golf Myanmar (JGM)၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

**ထည့်သွင်းကျင်းပမည်**

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းနံပါတ် ၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သည် လူငယ်ဂေါက်သီးရိုက်ကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

**ကိုညီလေး**

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက သတင်းရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မဆောင်၌ သွေးလှူဒါန်းပွဲပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ဖွဲ့ခွဲ(ရန်ကုန်) မှ ဒုတိယရဲမှူးကြီး ကောင်းဇေယျာဦးဆောင်၍ သွေးလှူဒါန်းကြသည့် အရာရှိ၊ အရာခံ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်မှ ဒေါက်တာသက်နိုင်ဝင်းနှင့် သူနာပြုဆရာမ ရှစ်ဦး အပါအဝင် စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**





(၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထက(ကြို့ပင်ကောက်)တွင် စက်တင်ဘာ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းသိန်း ဦးစီး၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်သီဟနှင့် တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# အတိတ်ကိုသင်ခန်းစာယူ သတင်းမှားတို့ကို ပြန်လည်သုံးသပ်ရင်း အနာဂတ်ကိုဖော်ဆောင်ရမည်

မင်းသော်

မိမိတို့နိုင်ငံသည် လက်ရှိတွင် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေကြရပြီး နိုင်ငံတော်၏ ကိစ္စအဝဝကို အိမ်စောင့်အစိုးရတစ်ရပ်ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဦးဆောင်လျက်ရှိသည်။ မကြာသေးသည့် အတိတ်ကို ပြန်လည်သုံးသပ်ရလျှင် လက်ရှိကာလကို အစပျိုးခဲ့သည့် အရင်းအမြစ်ပြဿနာမှာ ၂၀၂၀ ရွေးကောက်ပွဲရလဒ်၌ မဲဆန္ဒပေါင်း ၃၈ သန်းကျော်အနက် ၁၀ သန်းကျော်သည် ကြီးမားသည့် မဲမှားယွင်းမှုဖြစ်ခဲ့ပြီး မှတ်ပုံတင်မပါရှိသည့် မဲဆန္ဒပေါင်း လေးသန်းအထိ ရှိခဲ့ခြင်းမှ အစပြုခဲ့သည်။ မဲမသမာမှုများကို မသိကျိုးနွံပြုကာ မိမိတို့ပါတီ အနိုင်ရရှိရေးကိုသာ တရားမဲ့လုပ်ဆောင်ခဲ့ကြသူများကြောင့်ပင် မြန်မာ့တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အား ကာကွယ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ တစိုက်မတ်မတ် အကောင်အထည်ဖော်နေရခြင်းဖြစ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထိန်းသိမ်းကာကွယ်တည်ဆောက် အကောင်အထည်ဖော်ရာတွင် နိုင်ငံသားများဖြစ်သည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုကို အလျင်မြန်ဆုံး ရရှိနိုင်မည်ဖြစ်ပါသည်။ လက်ရှိတွင် ပြည်တွင်း၊ ပြည်ပ ထိုးနှက်တိုက်ခိုက်မှုများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးအရ ဖိနှိပ်ခြင်း၊ သံတမန်ရေးအရ ပစ်ပယ်ခြင်း၊ တည်ဆဲအစိုးရအား ဆန့်ကျင်နေသူများကို စစ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်း၊ လေလှိုင်းအစိုးရတည်ထောင်၍ အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်နည်းလမ်းမျိုးစုံတို့ဖြင့် နိုင်ငံတော်အာဏာကို တွန်းလှန်ဖြိုဖျက်ရန် ကြိုးစားနေကြသည်။

**အကြမ်းဖက်မှုတို့ကို ပြည်သူ၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများ လက်တွဲညီစွာဖြင့် တွန်းလှန်တိုက်ဖျက်ခြင်းကြောင့် အဖျက်အင်အားစုများ၏ တိုင်းပြည်ပျက်စီးအောင် ကြိုးပမ်းနေခြင်းတို့မှာ အရာမထင်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပင် တိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း အဖျက်အမှောင့်လုပ်ငန်း အကြွင်းအကျန်များနှင့် တိုင်းပြည်တည်ဆောက်ရန် အခက်အခဲအချို့ကို ထည့်သွင်းစဉ်းစား၍ အခြေအနေမှန်ကို ပြည်သူများသိရှိနားလည်ခြင်းမှသည် ပူးပေါင်းပါဝင်လာကြရန်လည်း လိုအပ်လျက်ရှိသည်။**

**ဒီမိုကရေစီအမည်ခံ၍ အပြစ်မဲ့ပြည်သူများနှင့် အများနှင့်ဆိုင်သော လမ်းတံတားများ၊ အဆောက်အအုံများ ဖျက်ဆီးခြင်း၊ ဘာသာနှင့် သာသနာတော်အပေါ် ခုတုံးလုပ်အပြစ်ရှာ၍ ညှိုးနွမ်းအောင်လုပ်ဆောင်ခြင်း၊ ရဟန်း၊ သံဃာတော်များနှင့် သီလရှင်များအပြင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား အကြမ်းဖက်သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ခွင့်မရအောင် ကြံဆောင်ခြင်းများနှင့် အကြမ်းဖက်လူသတ်လုပ်ရပ်များမှာ နိုင်ငံတော်အနာဂတ် ပျက်စီးစေကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်သူအားလုံး သဘောပေါက်နားလည်စေရန်လည်း တစိုက်မတ်မတ် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။**

> **“ဒီမိုကရေစီအမည်ခံ၍ အပြစ်မဲ့ပြည်သူများနှင့် အများနှင့်ဆိုင်သော လမ်းတံတားများ၊ အဆောက်အအုံများ ဖျက်ဆီးခြင်း၊ ဘာသာနှင့် သာသနာတော်အပေါ် ခုတုံးလုပ် အပြစ်ရှာ၍ ညှိုးနွမ်းအောင်လုပ်ဆောင်ခြင်း၊ ရဟန်း၊ သံဃာတော်များနှင့် သီလရှင်များအပြင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား အကြမ်းဖက်သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ခွင့် မရအောင် ကြံဆောင်ခြင်းများနှင့် အကြမ်းဖက်လူသတ်လုပ်ရပ်များမှာ နိုင်ငံတော်အနာဂတ်ပျက်စီးစေကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်သူအားလုံး သဘောပေါက်နားလည်စေရန်လည်း တစိုက်မတ်မတ် ကြိုးပမ်းကြရမည်”**

## သတင်းများကိုချင့်ယုံ

မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက “မြန်မာအစိုးရသည် ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းကို ရပ်တန့်လိုက်သည့်အတွက် မုန်တိုင်းဒဏ်သင့်ဒေသများသို့ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းကို ပြတ်တောက်စေခဲ့သည်” ဟုပြောကြားခဲ့သည်။ အမှန်မှာ မုန်တိုင်းဒဏ်သင့်ရခိုင်ပြည်နယ်သို့ ကူညီထောက်ပံ့မှုများကို အချိန်မဆိုင်းစတင်ခဲ့ပြီး တပ်မတော်နှင့် အစိုးရက ကူညီမှုများကို ယနေ့တိုင် ပေးအပ်နေဆဲဖြစ်သည်။ သို့သော် နိုင်ငံတကာတွင် သတင်းအမှန်တို့ထက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းအမှားတို့ကသာ ကြီးစိုးထားသည်။

ထို့အတူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက “မြန်မာနိုင်ငံသည် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ကို သိသာစွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံသည် အာဆီယံထိပ်သီးအစည်းအဝေး သို့မဟုတ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် အချိန်စောသေးသည်”ဟု မှတ်ချက်ပြုခဲ့ဖူးသလို၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် (Antony Blinken) ကလည်း “ဤရွေးကောက်ပွဲသည် ထောက်ထားငဲ့ကွက်ပေးခြင်း ရှိသော်လည်း ကိုယ်စားပြုနိုင်ခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံ၏ အဓိကပါတီအားလုံးသည် (မြန်မာ့တပ်မတော်၏) ရွေးကောက်ပွဲကို ငြင်းဆန်ကြလိမ့်မည်။ ထို့အပြင် ကြီးမားသော သွေးထွက်သံယိုမှုများကိုလည်း ဖြစ်ပေါ်စေလိမ့်မည်”ဟု ပြောကြားခဲ့ခြင်းတို့မှာ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို မသိရှိဘဲ သတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ မှားယွင်းသော ကောက်ချက်များသာဖြစ်နေပါသည်။

ပြည်ပအင်အားစုများသည် လူမှုကွန်ရက်များကို ထိန်းချုပ်ထားကြပြီး နိုင်ငံတော်၏ တရားဝင်သတင်းစာမျက်နှာများကို ပိတ်ဆို့ကာ နိုင်ငံတော်၏ တံဆိပ်၊ လိုဂိုများကို ပေါ်ပေါ်တင်တင် ကူးယူအသုံးပြုကြပြီး သတင်းတု၊ သတင်းမှားများဖြန့်ဝေကြရင်း အစိုးရနှင့် ပြည်သူအကြား အတိုက်အခံစိတ်များ ဖြစ်ပေါ်လာအောင် သွေးထိုးမှုကြောင့်ပင် ပြည်တွင်းနိုင်ငံရေး မတည်မငြိမ်ဖြစ်ခဲ့ရသည်။ အရေးပေါ်ကာလ အစပိုင်းတို့တွင် အကြီးအကျယ်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သော်လည်း နှစ်လအကြာတွင် လျော့နည်းလာကာ ခြောက်လအကြာတွင် ပုံမှန်အားဖြင့် တည်ငြိမ်မှုရှိလာသော်လည်း နေ့ထူးနေ့မြတ်နှင့် အထိမ်းအမှတ်နေ့များတွင် သွေးထိုးလှုံ့ဆော်သူများကို တစ်ခါတစ်ခါ ပြန်လည်မြင်တွေ့ရတတ်သည်။

## ပြည်သူကို အဆိပ်ခတ်ကြသူများ

ထို့အတူ နေ့စဉ်နှင့်အမျှ တပ်မတော်ကို မည်သို့မည်ပုံတိုက်ခိုက်အနိုင်ရရှိခဲ့သည်ဟူသည့် မဟုတ်မမှန်သတင်းများ၊ မြို့ရွာများကို သိမ်းပိုက်လိုက်နိုင်သည်ဟူသည့် သတင်းတုများကို ထုတ်လွှင့်လျက်ရှိသည့်အပြင် တပ်မတော်သားများ မည်ရွေ့မည်မျှ သေကျေပျက်စီးကြရသည်ဟူသည့် သတင်းမှားများကိုလည်း လူမှုကွန်ရက်တို့တွင် မြင်တွေ့ရသည်။

> **“လက်ရှိကာလသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်ဖြစ်ရာ သတင်းအချက်အလက်အမှန်ရရှိရေးသည် အလွန်အရေးကြီးပြီး အခြေအနေမှန်ကို သုံးသပ်နိုင်မှသာ တိုင်းပြည်အတွက် ဖြည့်ဆည်းနိုင်ကြမည် ဖြစ်ရာ မိမိတို့ပြည်သူအားလုံးကလည်း သတင်းအမှားများကိုဖယ်ရှား၍ မှန်ကန်သည့်အသိအမြင်တို့ကို ရရှိပိုင်ဆိုင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရာ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်”**

အကြမ်းဖက်အဖွဲ့များက ပိုမိုများပြားသောနယ်မြေများကို ထိန်းချုပ်ထားနိုင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြို့နယ် ၃၃၀ တွင် ၇၂ မြို့နယ်ကိုသာ ထိန်းချုပ်ထားနိုင်ကြောင်းသတင်းမှားများကို မပြတ်ထုတ်ပြန်လျက်ရှိပြီး ပြည်သူလူထု၏ စိတ်တွင်းမှ တပ်မတော်၏အနေအထားကို ယိမ်းယိုင်စေရန် ကြံရွယ်နေသည်ကိုလည်း မြင်တွေ့ရသည်။

“လူသားချင်းစာနာမှုအကူအညီ”ကို ဗန်းပြ၍ မြန်မာ့တပ်မတော်ကို စုံစမ်းစစ်ဆေးပြီး သက်သေခံ စုဆောင်းရန် ထောက်ခံအားပေးခဲ့ကြသည်ကိုလည်း မြင်တွေ့ရသည်။ ၂၀၂၂ ခုနှစ် နှစ်စပိုင်းမှ ယနေ့အထိ USAID, NED, NDI တို့သည် NGO နှင့် NUG အဖွဲ့များနှင့်ပူးပေါင်းပြီး အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ ထိုင်းနိုင်ငံတွင် စီမံရေးရုံးတည်ထောင်ပြီး Server တပ်ဆင်ကာ ပြည်တွင်းရှိ ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်သော သက်သေများကို နည်းလမ်းမျိုးစုံဖြင့် ရယူစုဆောင်းလျက်ရှိသည်။ (မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သဘောကျဆောင်ရွက်ပေးနိုင်ရန် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးကိစ္စကို စုဆောင်းပေါင်းထည့်ထားသည်။)

USAID သည် တရားမဝင်ဖွဲ့စည်းထားသည့် လေလှိုင်းအစိုးရ NUG ၏ ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ရန်ကုန်အွန်လိုင်းဆေးကုသရေးအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ သန်း ထောက်ပံ့ပေးခဲ့သည်။ “ပဋိပက္ခဖြစ်ပွားနေသော ဒေသများသို့ အရေးပေါ်ဆေးဝါးများ ထောက်ကူပေးခြင်း”ဟု အမည်ခံထားသော်လည်း လက်တွေ့တွင် မည်သည့်ပြည်သူများကိုမျှ ကုသမှုမပေး၊ ဆေးတစ်လုံးပင် မဖြန့်ဝေနိုင်ဘဲ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုကျယ်ပြန့်စွာ စုံစမ်းစစ်ဆေးမှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ပံ့ပေးခြင်း သက်သက်သာဖြစ်ကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက သိပါလေစ။

ပြည်ပနိုင်ငံများသည် ကာလရှည်ကြာစွာကပင် ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society) ကဲ့သို့သော တရားမဝင်အဖွဲ့အစည်း ရာပေါင်းများစွာကို မွေးထုတ်ပျိုးထောင်ခဲ့ပြီး သတင်းစုံစမ်းခြင်း၊ အစိုးရကို ဝေဖန်အပြစ်တင်ခြင်း၊ ဝါဒဖြန့်ခြင်းနှင့် ယဉ်ကျေးမှုနှင့် ဘာသာသာသနာဖျက်ဆီးခြင်း စသည့် စွမ်းရည်များကို အထူးသင်ကြားပေးခဲ့သည့်အပြင် NLD အစိုးရလက်ထက် အကြံပေးအရာရှိများမှတစ်ဆင့် အစိုးရ၏ဝါဒပေါ်လစီများနှင့် လျှို့ဝှက်ချက်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရှောင်တာနယ် (SeanTurnell) အပါအဝင် Evan Gershkovich စသည့် ပြည်တွင်းရှိ အနောက်တိုင်းအရာရှိများသည် နိုင်ငံတော်လျှို့ဝှက်ချက်များကို ကာလရှည်ကြာစွာ စုံစမ်းထောက်လှမ်းခဲ့ကြလျက် အစိုးရဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးများကို ဆန္ဒပြခြင်း စသည့်အတိုက်အခံလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်စေခဲ့ကြောင်းကို ထည့်သွင်းသတိပြုရန် လိုအပ်ပါသည်။

လက်ရှိကာလသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်ဖြစ်ရာ သတင်းအချက်အလက်အမှန်ရရှိရေးသည် အလွန်အရေးကြီးပြီး အခြေအနေမှန်ကို သုံးသပ်နိုင်မှသာ တိုင်းပြည်အတွက် ဖြည့်ဆည်းနိုင်ကြမည်ဖြစ်ရာ မိမိတို့ပြည်သူအားလုံးကလည်း သတင်းအမှားများကို ဖယ်ရှား၍ မှန်ကန်သည့်အသိအမြင်တို့ကို ရရှိပိုင်ဆိုင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရာ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်း စစ်ဝတ်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



နေပြည်တော် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်းခြင်း၊ စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် အောင်ပိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က လက်နက်များ တပ်ဆင်ပေးရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူ့စစ်များအတွက် ရိက္ခာများထောက်ပံ့ပေးအပ်မည့် အစီအမံများကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ပိုင်ဦးက ပြည်သူ့စစ်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

### လက်နက်များအပ်နှင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ အပ်နှင်းပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် စစ်ဝတ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

မော်လမြိုင် စက်တင်ဘာ ၂၀

မွန်ပြည်နယ်အတွင်း စည်းကမ်းရှိပြီး စနစ်ကျသည့် လူမှုပတ်ဝန်းကျင် ဖော်ဆောင်၍ အဓိကကျသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များကို ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့်အခန်းကဏ္ဍဖြစ်သလို ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း များစွာအရေးပါကြောင်း၊ မွန်ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟခြင်းကို လျှော့ချနိုင်ရန်အတွက် မြို့နယ်များအလိုက် ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်စဉ်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာကဏ္ဍအနေဖြင့် မိုးစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံတို့ကို ရည်မှန်းချက် ဧကအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ကူညီပံ့ပိုးဆောင်ရွက်ပေးကြရန်၊ မွန်ပြည်နယ်တွင် ဆန်ဖူလုံမှု လုံလောက်မှုရှိသော်လည်း၊ စားသုံးဆီ မလုံလောက်သည့်အတွက် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ မွန်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဆွေးနွေးမှာကြားခဲ့ကြသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ရပ်ကွက်အတွင်း အုတ်ရေမြောင်း၊ လမ်း/တံတား တိုးချဲ့ခြင်းလုပ်ငန်းများ၊ ကတ္တရာလမ်းများ ပြုပြင်ခြင်း၊ ထပ်ပိုးလွှာတိုးမြှင့်ခြင်း လုပ်ငန်းများ၊ ကျေးရွာချင်းဆက်လမ်းများ ခင်းကျင်းပေးစေလိုမှု၊ ကျူးကျော်ဈေးဆိုင်များအား ရွှေ့ပြောင်းပေးစေလိုမှု၊ ဟောင်းနွမ်းလျက်ရှိသည့် လျှပ်စစ်ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ လဲလှယ်ပေးစေလိုမှု၊ ထရန်စဖော်မာများ ထပ်မံဖြည့်ဆည်းပေးစေလိုမှု၊ ပညာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးစေလိုမှုနှင့် ကျောင်းဆောင်များပြုပြင်တိုးချဲ့ဆောက်လုပ်ပေးစေလိုမှုတို့ကို တင်ပြဆွေးနွေးခဲ့ကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် တာဂွကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၀ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် မြို့ကွက်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းရန်ပုံငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အတိုးရငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်း သုံးလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်/မြို့နယ် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူး၍ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း(၆/၂၀၂၃) ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၆/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က သတင်းမီဒီယာသမားများ အနေဖြင့် သတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမီဒီယာကဏ္ဍမှ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နေသည့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာများနှင့် သတင်းလောကသားများအတွက် သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ထိန်းကျောင်းပံ့ပိုး ကူညီဆောင်ရွက်ပေးနေကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းသည် သတင်းရယူခြင်း၊ အကဲဖြတ် အနက်ကောက် အတည်ပြုခြင်း၊ သတင်းအခြေအမြစ်နှင့် သတင်းဌာနများကို မှန်ကန်စွာဆက်စပ်ကာ သတင်းအမှန်များ တည်ဆောက်ခြင်းများနှင့်ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သော နည်းပြများက ဆွေးနွေးပို့ချပေးမည်ဖြစ်ရာ အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှုရှိနိုင်ကြောင်းနှင့် သင်တန်းအတွေ့အကြုံများကို အခြေခံ၍ ဆက်လက် ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။



သင်တန်းဖွင့်ပွဲသို့ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ ကောင်စီဝင်များနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုအနေဖြင့် ကာကွယ်ဆေး စတင်ထိုးနှံ



**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံ၌ ဆောင်းရာသီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်လာမည်ကို ကြိုတင်ကာကွယ်သည့် အနေဖြင့် အသက်ခြောက်လနှင့်အထက် ပြည်သူအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ယနေ့ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများသည် အိုမီခရွန် ကိုရိုနာဗိုင်းရပ်၏ XBB ဆိုင်ရာ မျိုးကွဲများကို အကာအကွယ်ပေးရန် ရည်ရွယ်ထုတ်လုပ်ထားသည့်ကာကွယ်ဆေးများဖြစ်သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူသူများသည် ၎င်းတို့၏ ဒေသန္တရ အစိုးရထံမှ ထောက်ခံချက်လက်မှတ်များ ရယူရန် လိုအပ်ပြီး ဆေးရုံများနှင့် အခြားနေရာများတွင် Pfizer သို့မဟုတ် Moderna ဆေးများကို ထိုးနှံမှုခံယူနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်မေလတွင် အစိုးရက ဗိုင်းရပ်စ်၏ တရားဝင် အဆင့်အတန်းကို ရာသီတုပ်ကွေးအဖြစ် အဆင့်လျှော့ချခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် လာမည့်နှစ် မတ်လအထိ ကိုရိုနာဗိုင်းရပ် ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးရန် အစီအစဉ်များကို ချမှတ်ထုတ်ပြန်ခဲ့သည်။

သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသစ်ထိုးရန် ဒေသဆိုင်ရာ တာဝန်ရှိသူများကို ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့် တုပ်ကွေး ကာကွယ်ဆေးများကို တစ်ပြိုင်နက်တည်း ထိုးနှံပေးခြင်းသည် ဘေးကင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ ထိရောက်မှုရှိစေကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။ ယင်းကြောင့် လာမည့်လတွင် တုပ်ကွေးကာကွယ်ဆေးများ စတင်ထိုးနှံပေးမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Pfizer အလုံးရေ သန်း ၂၀ နှင့် Moderna ဆေး ငါးသန်းတို့ကို ဖြန့်ဝေထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ပထမဆုံး တွေ့ရှိ




**ဗီယင်ကျန်း စက်တင်ဘာ ၂၀**

လာအိုနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသည့် အမျိုးသား တစ်ဦးကို ပထမဆုံး စတင်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ ယခုကဲ့သို့ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်မှုရှိလာသဖြင့် သတိပြုနေထိုင်ကြရန် နိုင်ငံသားများအား တာဝန်ရှိသူများက ညွှန်ကြားသည်။

၎င်းအမျိုးသားသည် အိမ်နီးချင်းနိုင်ငံသို့ သွားရောက်ခဲ့ရာမှ ပြန်လာပြီးနောက် ရောဂါကူးစက်ကြောင်း တွေ့ရှိရသဖြင့် မြို့တော်ဗီယင်ကျန်းရှိ ဆေးရုံတွင် ကုသမှုခံယူနေရသည်။ လာအိုနိုင်ငံမှ မျောက်ကျောက်ရောဂါ ကူးစက်မှု ဖြစ်ပွားနေသည့် ပြည်ပနိုင်ငံများသို့ သွားရောက်သူများပြားနေသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူအများအပြား ရှိနိုင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်းရှိ နယ်စပ်ဒေသ ပြည်နယ်များ၌ မျောက်ကျောက် ရောဂါ နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်းမာရေး ဝန်ကြီးဌာနက ဒေသန္တရတာဝန်ရှိသူများအား ညွှန်ကြားထားသည်။

**အကြံပြုထား**

အဖျားရောဂါ ခံစားနေရပြီး အကျိတ်အဖု ရှိနေသူများကို မျောက်ကျောက်ရောဂါ ရှိ မရှိ စမ်းသပ်ရန် ဝန်ကြီးဌာနက အကြံပြုထားသည်။ ပြည်နယ် ကျန်းမာရေးဌာနများကို မျောက်ကျောက်ရောဂါ စမ်းသပ်ရန်အတွက် ဓာတ်ခွဲခန်းများ ထူထောင်ရန်လည်း ဝန်ကြီးဌာနက အကြံပြုထားသည်။ ထို့အပြင် လူနာများအား အချိန်မီကုသရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်ပြီး ရောဂါကူးစက်မှု ကင်းဝေးစေမည့် နည်းလမ်းများကို ပြည်သူများအား ကျန်းမာရေး အသိပညာ ပေးသင့်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဒေသန္တရကျန်းမာရေး တာဝန်ရှိသူများအား ထပ်လောင်း ညွှန်ကြားထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ သွင်းကုန်တန်ဖိုး ယခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ ဘီလီယံရှိ

**ဖနောင်ပင် စက်တင်ဘာ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ယခုနှစ် ပထမရှစ်လတာ ကာလဖြစ်သည့် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ ဘီလီယံရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရရှိမှုသည် များသောအားဖြင့် သွင်းကုန်တင်သွင်းမှုပေါ်တွင် အများဆုံး တည်မှီနေရခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းက ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက် တန်ချိန် ၂ ဒသမ ၈ သန်းသာရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၄ ဒသမ ၈ သန်း ရှိလာမည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန် ကမ္ဘောဒီးယားနိုင်ငံတွင် ဓာတ်ဆီ တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ ဒေါ်လာနှင့် ဒီဇယ်တစ်လီတာလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၅ ဒေါ်လာဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ လျှပ်စစ်စက်မီးချွေတာသုံးစွဲရေး ညွှန်ကြား

**ဟနွိုင်း စက်တင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများအား လျှပ်စစ်စက်မီးချွေတာသုံးစွဲရေးအတွက် ညွှန်ကြားခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ထရင်ကွန်ဖုက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း စွမ်းအင်ချွေတာရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ပေးအပ်သည့် လျှပ်စစ်ဓာတ်အား ထက်ဝက်ကျော်ကို စက်မှုလုပ်ငန်းများက သုံးစွဲနေကြသည်။

နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းတစ်ခုစီက လျှပ်စစ်ဓာတ်အား နှစ်ရာခိုင်နှုန်း ချွေတာသုံးစွဲက လျှပ်စစ်ဓာတ်အား ၁ ဒသမ ၄ ဘီလီယံချွေတာနိုင်မည်ဖြစ်ပြီး တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် သုံးထရီလီယံကိုချွေတာနိုင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းစွမ်းအင်ထုတ်လုပ်မှုသည် ယခုနှစ်၏ ပထမရှစ်လအတွင်း ၁၈၆ ဒသမ ၃ ဘီလီယံ ကီလိုဝပ်နာရီရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်ကွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၈၅ | ၂၃၆၀ | ၂၄၆၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၇၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၃၁၅ |
| 95 Ron | ၂၄၃၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၄၉၅ | ၂၄၇၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၀ | ၂၆၀၀ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၁၆ | ၂၂၉၃ |
| 95 Ron | ၂၃၂၁ | ၂၄၀၁ |
| HSD (500 ppm) | ၂၄၁၂ | ၂၄၉၀ |
| HSD (50 ppm) | ၂၄၈၆ | ၂၅၆၅ |
| HSD (10 ppm) | ၂၄၈၆ | ၂၅၆၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၂၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၉-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

## အမှုဖွင့်လှစ် အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zin Min Thant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဇင်မင်းသန့်အား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်နှင့် “Thet Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာဓေယျာဘုံ ရပ်ကွက်နေ သက်ဝင်းအား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ “Sithu Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မြို့သစ် ရပ်ကွက်နေ စည်သူအောင်(ခ)ခေါင်းဖြူအား ည ၆ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ “Zaw Lin Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဇော်လင်းဦးအား ည ၉ နာရီ ၂၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၀

ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခ အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ်နေ လှမင်းအောင်(ခ) ဖျော့ကြီးက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နေ ကို ---၊ ၂၈ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နေ ကို---၊ ၂၁ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နေ ဦး---၊ ၃၄ နှစ်တို့ကို ရေးမြို့နယ်ရှိ ရေလုပ်ငန်းတွင် လုပ်ကိုင်ပါက လုပ်အားခအဖြစ် တစ်လလျှင် ငွေကျပ် ၈၀၀၀၀/၉၀၀၀၀ ခန့်ရမည်ဟု ပြောဆို စည်းရုံး၍ ရေလုပ်ငန်းသို့ ပို့ဆောင်ကာ လုပ်အားခအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရေးမြို့မရဲစခန်း (ပ) ၅၁/ ၂၀၂၂၊လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် တရားခံ လှမင်းအောင် (ခ) ဖျော့ကြီးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ချင်းတွင်းမြစ်အတွင်း ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ရေယာဉ်တစ်စင်း မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီး နစ်မြုပ်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ ကုန်ပစ္စည်းများ တင်ဆောင်၍ ချင်းတွင်းမြစ်ကြောင်းအတိုင်း မောင်းနှင်လာသည့် ရေယာဉ်များအနက် ကြယ်မင်း(၄) ရေယာဉ်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီးသို့ အရောက်၌ ရေဝဲအတွင်းသို့ ရောက်ရှိကာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ် နစ်မြုပ်တိမ်းမှောက်မှုကြောင့် ကုမ္ပဏီဝန်ထမ်း သုံးဦးနှင့် အရပ်သူအရပ်သား ခြောက်ဦး၊ လုံခြုံရေးလိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးတို့ ပျောက်ဆုံးခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁၉ ရက်က သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာ၌ မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် မှော်ဘီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ခရိုင်/မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိန်စွန်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်း၊ စီမံကိန်းအတိုးရငွေဖြင့် တတိယအကြိမ်မြောက် ငွေကျပ် ၁၅ ဒသမ ၅၉ သန်းဖြင့်ဆောင်ရွက်သည့် အရှည် ပေ ၆၃၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မ ကျေးရွာတွင်း အမှတ် (၄)လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၉-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'ရိက္ခာပြည့်ဖြိုးဝင်ငွေတိုးပုလုံကြွယ်ဝသားငါးကဏ္ဍမှသည်' (မရမ်းဖွဲ့တာပုစွန်ဇုန်ဆီ)
- ၀၉:၁၅ NRC အစီအစဉ်(ကရင်)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ 'မြန်မာ့ကျက်သရေတက်နေဝဂ်ရည်' (ယွန်းထည်)
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ပေတ္တာရောင်ခြည်'
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝတက်ဘောအက်ဆေး'** (အပိုင်း-၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၁၉)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း'** (အပိုင်း-၂၃)
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'ဘယ်သူမှန်လဲအပြိုင်ကြဲ'
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ချုန်တွန်းနှင့်အမိန့်ပရအငေါင်ဆိုင်'** (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၂၀)

### mitv

- 07:02 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:09 Kyaikkale pagoda
- 07:23 Tha Khut Flowers Salad (Rakhine Style)
- 07:35 Nyaung Oo Phee Island
- 08:01 News
- 08:27 A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
- 09:01 Mon Traditional Dishes
- 09:11 Products of Myanmar - Velvet Slipper
- 09:24 A Worth Keeping Treasure of Anyar
- 09:56 International Day of Peace (21st September)
- 10:01 News
- 10:26 Myanmar Traditional Thatched Roofs: Nipa Palm

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အရသာရှိသောမွန်ပြည်နယ်ကကျွဲကောသီး

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရှေးရိုးရာ (ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ - ဒုံးပွဲ)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
လှပဆင်ယဉ်ခမ်းတီးအဆင်

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကျိုင်းတုံမြို့(၇)ထပ်ရေတံခွန်သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ခနီပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
အရသာမြိန်ရှက်စေတဲ့ဆန်ကောထမင်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ခွန်အားပြည့်ဖြိုးချင်းရိုးရာရာသူ၏

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလဲ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်ရှု'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၁၂)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၅ MSME လုပ်ငန်းစွမ်းအားနိုင်ငံ့စီးပွားအင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ မင်းရဲကျော်စွာဗိုလ်နေတိုး(ဇာတ်လမ်း)
- ၁၉:၃၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၂၂:၀၀ City of the Future: Singapore - Full Episode | National Geographic
- ၂၂:၃၀ A visit to Wambugu Apples farmer in Kilimambogo

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ သတိပြုကာကွယ်သွေးလွန်တုပ်ကွေးအန္တရာယ်

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




**ရှင်းလင်းပြောကြား**

ဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်ပညာရေးမှူး ကိုယ်စား အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင့်က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ဥမ္မာငြိမ်းတို့က ညှိနှိုင်းရေးမှူးများအဖြစ်ဆောင်ရွက်ပြီး အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မမေသူဇော်က လူငယ်နှင့် ကျန်းမာရေး၊ Grade-12 ကျောင်းသူ မအိအိဖြိုးက လူငယ်နှင့်နည်းပညာ၊ Grade-12 ကျောင်းသူ မအေးမြတ်ပွင့်ဖြူက လူငယ်နှင့်စာပေ၊ Grade - 12 ကျောင်းသား မောင်သက်ပိုင်ဦးက လူငယ်နှင့် အားကစား၊ Grade-12 ကျောင်းသား မောင်ထူးပြည့်ကျော်က လူငယ်နှင့်ယဉ်ကျေးမှုနှင့် Grade-11 ကျောင်းသား မောင်ရဲထိုက်က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူတို့က ပြန်လည်ဖြေကြားပေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင့်က ကျေးဇူးတင်စကား ပြောကြားသည်။

**လေ့လာကြည့်ရှု**

ထို့နောက် ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဗလငါးတန်ပြည့်ဝသည့် လူငယ်များပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် အခြေခံပညာအထက်တန်းကျောင်း (တိုက်ကြီး)အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကာ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြန်/ဆက် ဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့ အထက(ရွှေလှေ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ဘီးလင်းမြို့ အထက(ရွှေလှေ)၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွဋ်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ထူးချွန်လူငယ်များ ပေါ်ထွန်းလာစေရေး ဆွေးနွေးပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်သန်းသန်းရွှေက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေနှင့်အတူ အထက(ရွှေလှေ)မှ Grade-10၊ Grade -11 နှင့် Grade -12 တို့မှ ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူနှစ်ဦးတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အနာဂတ် စီမံကိန်း၊ လူငယ်နှင့် အထက်တန်းစားစိတ်ဓာတ်၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုမှတ်သားလေ့လာထားသည်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# တနင်္သာရီမြို့နယ်၌ လူငယ်စကားဝိုင်းနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တနင်္သာရီ စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းနှင့် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အထက- တနင်္သာရီ ပညာရတနာခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီသီခိုင်၏ ဦးဆောင်မှုဖြင့် အထက(တနင်္သာရီ) Grade-8 မှ မောင်လရောင်က လူငယ်နှင့်ပညာရေး၊ မနှင်းနန္ဒာအေးက လူငယ်နှင့်ကျန်းမာရေး၊ Grade-7 မှ မောင်ချမ်းမြေ့အောင်က လူငယ်နှင့်ကိုယ်ကျင့်တရားနှင့် မခင်ခင်ခ က လူငယ်နှင့် စာဖတ်ခြင်းအကျိုးစသည့် ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်ပညာပေးဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာမှတ်သားကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြို့နယ်လှုပ်ရှားမှုရောင်စုံမှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့်ဆိုးကျိုး/ဥပဒေများ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများဖြင့် စိတ်ဝင်စားဖွယ် နံရံကပ်စာစောင်များကို ကျောင်းခန်းအတွင်း ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၀**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပွင့်ဦးမာလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝေက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက Moderator အဖြစ်ဆောင်ရွက်ပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်ဖြိုးမောင်က လူငယ်နှင့်ပညာရေး၊ မယွန်းယုယချောက လူငယ်နှင့်ရည်မှန်းချက်၊ မောင်နေခန့်ဇော်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ မကေခိုင်ဦးက လူငယ်နှင့် ဆိုရှယ်မီဒီယာနှင့် မအေးမြမိုးက လူငယ်နှင့်ဝတ်စားဆင်ယင်မှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ်အခြေခံကာ မိမိတို့သိရှိလိုသည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး၌ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်ပညာရှင်များ၊ ခရိုင် ၁၄ ခုမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ (၂၄)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတော်အစိုးရ အနေဖြင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်တွင် နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးအဖြစ် ခမ်းနားစွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအသီးသီးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများ မပျောက်ပျက်၊ မတိမ်ကောစေရန် မျိုးဆက်သစ်လူငယ်များ ရိုးရာအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်၍ ပြိုင်ပွဲဝင်များ၊ အနုပညာရှင်များ၊ ဌာနဆိုင်ရာများ တက်ညီလက်ညီဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အဆိုအကဲဖြတ်ပညာရှင် ဒေါ်ခိုင်ဝါ၊ အကအကဲဖြတ်ပညာရှင် ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်ပညာရှင် ဦးမင်းဇော်နှင့် အတီးအကဲဖြတ်ပညာရှင် ဦးသက်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးဖြစ်သည့် "ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန်"တေးသီချင်းဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများကလည်းကောင်း၊ အနုပညာ အထက်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသူလေးများက မြူးကြွသည့် အမျိုးသမီး ဧည့်ခံဆိုင်းဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားများက လှပဝေဆာအကပဒေသာ မင်းသားယိမ်းဖြင့်လည်းကောင်း၊ အမှတ်(၂)အထက်တန်းကျောင်း စမ်းချောင်းမှ ကျောင်းသူလေးများက ကဗျာလွတ်အကဖြင့်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများက ရှမ်းအိုးစည်နှင့် တိုးနရားအကဖြင့်လည်းကောင်း ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

တိုင်းဒေသကြီးအဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ၌ မဟာဂီတ၊ ကာလပေါ်နှင့် ဇာတိမာန်ဘာသာရပ်တို့တွင် ၆၅ ဦး၊ အကပြိုင်ပွဲ၌ အက၊ ရုပ်သေးနှင့် ကွက်စိပ်ဘာသာရပ်တို့တွင် ၃၇ ဦး၊ အရေးပြိုင်ပွဲ၌ ၁၃ ဦး၊ အတီးပြိုင်ပွဲ၌ စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်အဖွဲ့လိုက်နှင့် ဒိုးပတ်အဖွဲ့လိုက် ဘာသာရပ်တို့တွင် ၂၀၃ ဦး စုစုပေါင်း ၃၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ကော့သောင်းခရိုင်အတွင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၂၀**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မဉ္ဇူသကခန်းမတွင် ကျင်းပခဲ့သည်။



ဦးစွာ အခမ်းအနားသို့ စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်း စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်သက်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မျိုးသန့်နှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်များက ဂုဏ်ပြုတေး သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးမှာ အခြေခံပညာအဆင့်နှင့် ဝါသနာရှင် ဒုတိယတန်း အဆင့်ဟူ၍ ပြိုင်ပွဲနှစ်ရပ်ကို စတင်ကျင်းပရာ အဆိုဘာသာရပ်ပြိုင်ပွဲ အမျိုးအစားနှစ်ခု၊ အကဘာသာရပ်ပြိုင်ပွဲ အမျိုးအစားတစ်ခု၊ အတီးဘာသာရပ်ပြိုင်ပွဲ အမျိုးအစား နှစ်ခုကို ပြိုင်ပွဲဝင် ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော့သောင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လိှုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**လှိုင်သာယာ စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသူများအား လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒေါ်ခင်ရတနာအေး အားလည်းကောင်း၊ အက (အမျိုးသမီး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ အေးသန္တာချို (ခ) ဒေါ်အေးချမ်းမိုး အားလည်းကောင်း၊ ခေတ်ဟောင်းတေး ကာလပေါ် (အမျိုးသား)အဆိုပြိုင်ပွဲတွင် တတိယဆုရရှိသူ ဦးအောင်မျိုးချစ် အားလည်းကောင်း၊ ဝါသနာရှင် ဒုတိယတန်း အတီးပြိုင်ပွဲတွင် ဒိုးပတ်အထူးဆုကို ဦးရွှေဝါနှင့်အဖွဲ့တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းသို့ ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော NETA U အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)ကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများနှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။



**တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိရန်လိုအပ်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိရန် လိုအပ်ပါ၍ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးစေရေးကို ခရိုင်/မြို့နယ်များတွင် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးမိုးက စာဖတ်ရှိန် မြှင့်မားရေး အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မရည်မွန်(ကျုံပျော်)၊ အတွင်းရေးမှူး ချိုပန်းချီ (ပညာရေး)နှင့် လမ်းပြကြယ် စာကြည့်တိုက်မှူး ဦးမိုးလွင်တို့က စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေး ဟောပြော၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဌေး က ကျေးဇူးတင်စကား ပြောကြားသည်။



ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ကိုးဦးက ယနေ့လူငယ် နောင်ဝယ်လူကြီး၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ မူးယစ်ရန်စွယ် တို့ကာကွယ် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသ၊ စာအုပ်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေနန်းယန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ခဲ့ရာ အထက(၂) ကျောင်းမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက စာပေမြင့်မှ လူမျိုးတင့်မည်၊ ပညာရဲရင့်ပွဲလယ်တင့်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ အားကစားဖြင့် နိုင်ငံဂုဏ်ရည်မြှင့်တင်စို့၊ ယနေ့လူငယ်နောင်ဝယ်လူကြီး စသည့်ခေါင်းစဉ် ခြောက်ခုကို မဲနှိုက်ပြီး ကိုယ်ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုး၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုအုန်းနှင့် မြို့နယ်စာရေးဆရာအဖွဲ့ဝင် ကိုမောင်သန်းဝင်းတို့က ဆုရွေးချယ်ရေးဒိုင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကျပန်းစကားပြောပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးခိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စာရေးဆရာ အဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ AFC Cup ပြိုင်ပွဲမှ

ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဌေးက "ကျွန်တော်တို့ အသင်းက ဒီနှစ်ထဲမှာ ပြည်တွင်းလိဂ်ပြိုင်ပွဲအပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် မနှစ်ကထက် ပိုကောင်းအောင် ပြင်ဆင်ခဲ့ပါတယ်။

ကျွန်တော်တို့အသင်းအနေနဲ့ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ကစားမှာဖြစ်တာကြောင့် တစ်ပွဲချင်း အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်မှာဖြစ်သလို ရလဒ်ကောင်းတွေ ရယူနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ပရိသတ်တွေအနေနဲ့လည်း တစ်ခဲနက်အားပေးပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ယခုရာသီ AFC Cup ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ရှမ်းယူနိုက်တက် တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရထားပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲမအောင်မြင်သဖြင့် နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု ပထမပွဲအဖြစ် စက်တင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဩစတြေးလျကလပ် မက်ကာသာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – SUFC**

**❍ ကျောဖုံးမှ**

ဘာစီလိုနာအသင်းနဲ့ ရိုယယ်အန့်ဝက်အသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ငါးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ဂျာအိုဖိလစ်က နှစ်ဂိုး၊ လီဝန်ဒိုစကီးကတစ်ဂိုး၊ ဘာတိုင်လီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့ရာကနေ ရရှိခဲ့တဲ့သွင်းဂိုးနဲ့ ဂါဗီရဲ့သွင်းဂိုးတွေကြောင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့တဲ့ လီဝန်ဒိုစကီးဟာ ချန်ပီယံလိဂ်သွင်းဂိုး ၉၂ ဂိုးရှိသွားခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ဒေါ့မွန်အသင်းတို့ပွဲစဉ်မှာတော့ ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဟာကီမီရဲ့ သွင်းဂိုးတစ်ဂိုးကြောင့် နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ လိုက်ပ်ဇစ်အသင်းက ယန်းဘွိုင်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ ပေါ်တိုအသင်းက ရှက်တာဒိုးနက်စ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖီယင်နုအသင်းက ဆဲလ်တစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့ပြီး လာဇီယိုအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ၊ အေစီမီလန်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ စသည်ဖြင့် အသီးသီးရလဒ်တွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ဌေးကြယ်**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပခုက္ကူခရိုင်တွင် မိုးမြေပဲများ စတင်ရိတ်သိမ်းလျက်ရှိ

ပခုက္ကူ စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် စပါးစိုက်ကေနည်း၍ ဆန်လိုဒေသဖြစ်သော်လည်း ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးမြေပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် ပခုက္ကူမြို့နယ်တွင် ၂၅၁၄၆ ဧက၊ ရေစကြိုမြို့နယ်တွင် ၉၃၂၂ ဧက၊ မြိုင်မြို့နယ်တွင် ၅၆၄၇၈ ဧက၊ ပေါက်မြို့နယ်တွင် ၅၀၃၀၇ ဧက၊ ဆိပ်ဖြူမြို့နယ်တွင် ၁၁၄၉၃ ဧက စုစုပေါင်း ၁၅၂၇၄၆ ဧက စိုက်ပျိုးပြီးစီးကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် မိုးမြေပဲကို မေလတွင် စိုက်ပျိုးပြီး စက်တင်ဘာလတွင် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၇၇၇၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ တစ်ဧကအထွက်နှုန်းအနေဖြင့် (၄၀-၄၅) တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် မြေပဲတောင့်(အစို)တစ်တင်းလျှင် ကျပ် ၂၃၁၀၀ ပေါက်ဈေးရှိရာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ကျပ် ၂၆၀၀၀၀ ကျော်ခန့်ရရှိကြောင်း၊ မြေပဲ (အစို) များကို အခြောက်လှန်း၍ မြေပဲဆန်များအဖြစ် ကြိတ်ခွဲရောင်းချချိန်တွင် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

မြေပဲဆန်ကို ဆီကြိတ်ရာတွင်သာမက မြေပဲယိုများ၊ မြေပဲဆားလှော်များအပြင် မြေပဲဆန်ကိုကြိတ်၍ရရှိသော ကြိတ်ဖတ်များကို နှမ်းဖတ်ချဉ်အဖြစ်လည်းကောင်း ထုတ်လုပ်ရောင်းချလျက်ရှိပြီး မြေပဲပင်မှ ထွက်ရှိသော မြေပဲရိုး၊ မြေပဲမှော်များကိုလည်း တိရစ္ဆာန်စာအဖြစ် အသုံးပြုနိုင်သည့်အတွက် မြေပဲသီးနှံကို ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ်
စီးပွား/ကူးသန်း

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း စက်တင်ဘာ ၂၀

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့တို့ဖြစ်သည်။



၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၁၁၇၆ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ သန်းဖြစ်ရာ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁ ဒသမ ၂၇ ဒေါ်လာသန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ စက်ကလပ်ငါးတန်ချိန် ၁၅ ဒသမ ၉၂၊ ပလာလန်းငါး တန်ချိန် ၁၈ ဒသမ ၀၈၀၊ ငါးဆင်နင်း တန်ချိန် ၁ ဒသမ ၄၄၊ ငါးနီငယ် တန်ချိန် ၁၂၆ ဒသမ ၀၉၊ ဘေးဝါငါး တန်ချိန် ၄၄ ဒသမ ၇၅၅၊ ငါးလူးစီ တန်ချိန် ၆ ဒသမ ၈၈၊ တာဝမ်ငါးတန်ချိန် ၄၅ ဒသမ ၄၆၀၊ ပလာတူးငါး တန်ချိန် ၃၃ ဒသမ ၅၅၊ ပုစွန် တန်ချိန် ၂ ဒသမ ၂၂၀ နှင့် ကဏန်းတန်ချိန် ၄ ဒသမ ၁၀ တို့ဖြစ်သည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၃၀၅၀ နှင့် ဒီဇယ် တစ်ဂါလန်လျှင် ငွေကျပ် ၁၃၀၅၀ ဖြစ်သည်။ စက်တင်ဘာ ၂၀ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၄၇ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၅ ဒသမ ၅၀ ကျပ်ဖြစ်ကြောင်း သိရသည်။

# သနပ်ပင်မြို့နယ်အတွင်း အသားတိုးကြက် မွေးမြူရေးလုပ်ငန်းများ အကျိုးအမြတ်ရရှိ

ပဲခူး စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်လာကြကြောင်း၊ ကြက်မွေးမြူရေးခြံများ ပိုမိုများပြားလာသည့်အနက် အသားတိုးကြက် မွေးမြူရေး



လုပ်ငန်းသည် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိနိုင်သောကြောင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းထက် ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာကြကြောင်း၊ ကြက်မွေးမြူသူများအနေဖြင့်လည်း အသားတိုးကြက် မွေးမြူရာတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် အကောင်ရေ (၅၀၀/၁၀၀၀) မွေးမြူသူများရှိသည့်အပြင် အကောင်ရေ (၃၀၀၀/၅၀၀၀/၁၀၀၀၀) အထိ စီးပွားဖြစ် မွေးမြူသူများလည်း ရှိကြောင်း သိရသည်။ အသားတိုးကြက်အနေဖြင့် သားပေါက်မှစ၍ ရောင်းချရသည့်အချိန်အထိ ၄၅ ရက်သာကြာမြင့်ပြီး အချိန်တိုအတွင်း အမြတ်အစွန်းများစွာရရှိကြောင်း၊ ၄၅ ရက်သားရှိသော ကြက်တစ်ကောင်လျှင် ပိဿာချိန် ၁ ပိဿာ ၅၀ ကျပ်သားခန့်ရရှိပြီး ထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် အစားအစာ၊ ဆေးဝါး၊ လုပ်သားခအပါအဝင် ကျပ် ၉၀၀၀ ခန့်ကုန်ကျကြောင်း၊ လက်ရှိပေါက်ဈေးအနေဖြင့် ကြက်သားများ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ခန့်ရရှိနေသည့်အတွက် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိသော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင် စက်တင်ဘာ ၂၀

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၆၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၂၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၉၄ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၄၁ ဒသမ ၂ တန်၊ ရွှံ့ကဏန်း (အရှင်) ၄ ဒသမ ၅ တန်၊ ဂျင်းခရု (အရှင်) ၂ ဒသမ ၈ တန်၊ ကဏန်း(အသေ) သုည ဒသမ ၈ တန်၊ ရေခူဆားနယ် ၅ ဒသမ ၆ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၁ တန်၊ ငှက်ပျောသီးတန် ၃၀၊ ငရုတ်သီးစိမ်း သုည ဒသမ ၇ တန်၊ တံမြက်စည်း အချောင်း ၂၄၀၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ ကြွေပြား ၃၂၀၀ စတုရန်းမီတာနှင့် ငါးသေတ္တာ ဘူးခွံ ၁၀ တန်တို့ဖြစ်သည်။ မော်တောင်နယ်စပ်ဒေသ၌ စက်တင်ဘာ ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၅၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၅ ဒသမ ၂၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

# မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် စက်တင်ဘာ ၂၀

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၉၀၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငါးရှဉ့် ၅၀ ဒသမ ၀၀ တန်၊ ခဲသွပ်အရောသတ္တု ၁၉၁ ဒသမ ၀၀ တန်၊ ရေခဲပုစွန် ၆ ဒသမ ၈၀ တန်၊ ကြေးနီ ၃၄ ဒသမ ၀၀ တန်၊ ကဏန်း ၂၂ ဒသမ ၀၃ တန်၊ ကြက်သွန်နီ ၁၁၇ ဒသမ ၅၀ တန်၊ မြေထောက်ပဲ ၃၄ ဒသမ ၀၀ တန်၊ ဆန် ၁၀၁ ဒသမ ၅၀ တန်၊ သကာရည် ၁၂၇ ဒသမ ၀၀ တန်နှင့် ဆန်ကွဲ ၁၀၅ ဒသမ ၅၀ တန်တို့ဖြစ်သည်။ အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ SKD စနစ်ဖြင့်တင်သွင်းသည့်မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ကာဗွန်မှုန့်၊ သံပေါင်၊ စတီးပြား၊ ကြက်သံလျှောင်အိမ်၊ ဘက်ထရီနှင့် ဖလင်ပြားတို့ဖြစ်သည်။

## ၂၀-၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၂၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၉၀၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၄၆၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၉၃၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၃၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၇၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၆၅၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၂၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၅၀ | ၈၀၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၅၃၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၂၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၄၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၂၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၄၀၀ | ၉၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၅၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီးနှင့် အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀ကျပ်၊ ပဲခူးတွင် ၅၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿဟာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၀၅။ | ဦးမိုးမင်းထွန်းနှင့်ကုမ္ပဏီဝန်ထမ်းမိသားစု ကောင်းမှု | ၁၂၀၀၀၀၀ |
| ၆၄၀၆။ | ဆရာဦးမြသင်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၀၇။ | ဦးမောင်မောင်(တပ်ကြပ်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်စန်းရီ (အလယ်တန်းပြ-ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
